# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၃၃၇)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၇ ရက်၊ တနင်္ဂနွေနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရာဇီးလ်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၁၄ခုနှစ် စက်တင်ဘာ ၇ ရက်နေ့တွင် ကျရောက်သော ဘရာဇီးလ် ပြည်ထောင်စုသမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘရာဇီးလ် ပြည်ထောင်စုသမ္မတနိုင်ငံသမ္မတ မစ္စစ် ဒဲလ်မားဗာနာ ရှီးဆပ်(ဖ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဆွစ်ဇာလန်သမ္မတ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတ Mr. Didier Burkhalter တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။** (သတင်းစဉ်)

**ဘန်း စက်တင်ဘာ ၆**

ဆွစ်ဇာလန်နိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် စက်တင်ဘာ ၅ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ဆွစ်ဇာလန်နိုင်ငံ သမ္မတအိမ်တော် Lohn Manor ၌ ဧည့်ဂေဟာ၌ ကျင်းပသည့် ဆွစ်ဇာလန်နိုင်ငံသမ္မတ Mr.Didier Burkhalter က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုကြိုဆိုပွဲကျင်းပမည့်နေရာသို့ ရောက်ရှိလာရာ ဆွစ်ဇာလန်နိုင်ငံသမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတတို့သည်သမ္မတအိမ်တော်၌

*စာမျက်နှာ ၈ ကော်လံ ၁* ❀

# လမ်းတံတားများ၏ကျေးဇူးကြောင့် ဒေသထွက်ကုန်များ မြန်ပြည်အနှံ့ခရီးဆန့်နိုင်တော့မည်

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ**
**ခရမ်းစိုးမြင့်**

ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိပြီး မြေပြန့်လွင်ပြင်နှင့်မြစ်ခွဲ၊ ချောင်းခွဲများ ပေါများကာဒေသ၏အနောက်ဘက် ဆုံးအပိုင်းတွင် ရခိုင်ရိုးမ၏ တောင်စွယ်များတည်ရှိ၍ ဧရိယာအကျယ်အဝန်းမှာ ၁၃၅၆၆ ဒသမ ၅၉၃ စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေအများဆုံးရှိသည့် တိုင်းဒေသကြီး တစ်ခုဖြစ်သည်။

ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်၊ မြို့နယ်ခွဲ ခုနစ်ခု၊ မြို့ ၃၄မြို့၊ ရပ်ကွက် ၂၅၁ ရပ်ကွက်၊ကျေးရွာအုပ်စု ၁၉၁၃ အုပ်စုနှင့် ကျေးရွာပေါင်း ၁၁၉၃၇ရွာရှိပြီး ပုသိမ်ဒေသ၊ မအူပင်ဒေသ၊ ဟင်္သာတဒေသတို့သည် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့်ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုအတွင်း၌ ပါဝင်သည်။

တိုင်းဒေသကြီးအတွင်းဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် လမ်းပေါင်း ၆၇ လမ်း၊ မိုင်ပေါင်း ၁၅၈၂ မိုင် ခြောက်ဖာလုံ ရှိသည်။ ထိုလမ်းများအနက်မှ လမ်းပေါင်း ၃၁ လမ်း၊ မိုင်ပေါင်း ၁၁၂၂ မိုင် ငါးဖာလုံကို ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသလို လမ်းပေါင်း ၃၆ လမ်း၊ မိုင်ပေါင်း ၄၈၀ ကို ဧရာဝတီ

*စာမျက်နှာ ၇ ကော်လံ ၅* ❋



ဧရာဝတီတံတား (ညောင်တုန်း)ကိုတွေ့ရစဉ်။




ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဓိကကဏ္ဍ(၁၂)ရပ်တို့တွင် အောင်မြင်မှုများရ

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Nguyen Sinh Hung နှင့် ယနေ့နံနက် ၉ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့သည် ဒေသတစ်ခုအတွင်းတွင် အတူယှဉ်တွဲနေထိုင်ကြသော ချစ်ကြည်ရင်းနှီးသည့်မိတ်ဖက်နိုင်ငံများဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအား၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများ ကောင်းမွန်ရန်မှာ အဓိကလိုအပ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်များမှတစ်ဆင့် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာလာခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရရှိရုံသာမကဘဲ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင်လည်းကောင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုများတွင်လည်းကောင်း ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဓိကကဏ္ဍ(၁၂)ရပ်တို့တွင်လည်း အောင်မြင်မှုများ မြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် ရာသီဥတုပထဝီဝင်အနေအထားများနီးစပ်မှုရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်သော အလားအလာကောင်းများရှိပါကြောင်း၊ အခြေခံအဆောက်အအုံများ၊ စွမ်းအင်ကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဘဏ်နှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများ ဦးစွာလိုအပ်ပါကြောင်း၊ သို့မှသာ ဖွံ့ဖြိုးတိုးတက်ရေးအား အချိန်မီ ပီပြင်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စု လွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းဇော်၊ ဦးလှမြင့်ဦး၊ ဦးငွေးမြင့်၊ ဒေါက်တာခင်ရွှေ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းလှိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Nguyen Sinh Hung နှင့်အတူ ဗီယက်နမ်နိုင်ငံ၊ စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး၊ ဗီယက်နမ်-မြန်မာ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ Mr. Cao Duc Phat ၊ ဗီယက်နမ်-မြန်မာ လွှတ်တော်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Nguyen Manh Tien နှင့် ဗီယက်နမ် အမျိုးသားလွှတ်တော်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Nguyen Sinh Hung ၏ဖိတ်ကြားချက်အရ အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးငွေးမြင့်၊ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့မှ စက်တင်ဘာ ၅ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် ရောက်ရှိကြသည်။



ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်မှ ပြည်ပဆက်ဆံရေး ကော်မတီ ဒုတိယအကြီးအကဲ ဗီယက်နမ်-မြန်မာ လွှတ်တော်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Nguyen Manh Tien နှင့် ဗီယက်နမ် အမျိုးသားလွှတ်တော် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs. Pham Thi Bich Ngoc နှင့်တာဝန်ရှိသူများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းလှိုင်နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) စစ်သံမှူး ဗိုလ်မှူးချုပ်ညွန့်ဆွေနှင့်ဇနီး၊ သံရုံးဝန်ထမ်းမိသားစုများက Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ခေတ္တတည်းခိုမည့် Sofitel Plaza Hotel သို့ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဘရာဇီးလ်နိုင်ငံသို့ သဝဏ်လွှာပို့

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၁၄ ခုနှစ် စက်တင်ဘာ ၇ ရက်နေ့တွင် ကျရောက်သော ဘရာဇီးလ် ပြည်ထောင်စုသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရာဇီးလ် ပြည်ထောင်စုသမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာလူးဝစ်ဇ် အယ်လ်ဘာတို ဖီဂိုရေဒိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

★ မြေညီထပ်တိုက်ခန်းရောင်းမည်။ ★
(၁၂ပေ×၆၅ပေ) အဆင့်မြင့် ပြင်ဆင်ပြီး
၀၉ ၄၉၃၀၂၀၀၄

ဝန်ထမ်းအလိုရှိသည်။
(၁) Air-Con ကျွမ်းကျင် လစာ ၁၅၀ ၀၀၀ ကျပ် နှင့် %
(၂) Air-Con ကျွမ်းကျင် အကူ လစာ ၁၀၀ ၀၀၀ ကျပ်
(၃) Air-Con အလုပ်သင်အကူ လစာ ၆၀ ၀၀၀ ကျပ်
09 5158803, 095198402

ဦးရဲမင်းပိုင်(သချာ) ဖွင့်လပြတ်
(မနက်၊ နေ့လယ်၊ ညနေ) တန်းခွဲ 4.9.2014 စပြီ
0973161140



# အာဖဂန်နစ္စတန်တစ်ဝန်း စစ်သွေးကြွများအား ချေမှုန်း

**ကဘူးလ် စက်တင်ဘာ ၆**

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အာဖဂန်တပ်ဖွဲ့ဝင်များက ပြည်နယ်အသီးသီး၌ ချေမှုန်းတိုက်ခိုက်ခဲ့ရာ တာလီဘန်စစ်သွေးကြွ ၈၆ ဦးခန့် သေဆုံးပြီး အခြား ၆၂ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက စနေနေ့နံနက်က ပြောသည်။

အဆိုပါ သုတ်သင်ရှင်းလင်းမှုပြုလုပ်ရာတွင် အာဖဂန်ရဲတပ်ဖွဲ့ဝင်များ၊ အစိုးရတပ်များ၊ အမျိုးသားလုံခြုံရေးနှင့် ထောက်လှမ်းရေးအေဂျင်စီမှ တပ်များပါဝင်ကြောင်း၊ စစ်ဆင်ရေးအတွင်း စစ်သွေးကြွခြောက်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ သေဆုံးသူများတွင် တာလီဘန်ဒေသဆိုင်ရာ ခေါင်းဆောင်အချို့လည်းပါဝင်ကြောင်း ဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြသည်။

ဘယ်လ်ခါးပြည်နယ်မြောက်ပိုင်း ချန်တယ်ခရိုင်အတွင်း စစ်ဆင်တိုက်ခိုက်ရာတွင် စစ်သွေးကြွအများစု သေဆုံးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ **(ဆင်ဟွာ)**

# ထိုင်းကြားဖြတ်အစိုးရကျမ်းသစ္စာကျိန်ဆို

**ဗန်ကောက် စက်တင်ဘာ ၆**

ထိုင်းကြားဖြတ်အစိုးရသည် ထိုင်းနိုင်ငံ၏ (၂၉)ကြိမ်မြောက် ဝန်ကြီးချုပ် ပရာယုချန်အိုချာ၏ ဦးဆောင်မှုဖြင့် ထိုင်းဘုရင့်ရှေ့မှောက်တွင် ကြာသပတေးနေ့က ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

နိုင်ငံကို သစ္စာစောင့်သိရိုသေပြီး မိမိတို့အစိုးရသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိအောင် ဖွံ့ဖြိုးတိုးတက်အောင် အကောင်းဆုံးစွမ်းဆောင်ကြိုးစားသွားပါမည်ဟု ဝန်ကြီးချုပ်သစ် ပရာယုချန်အိုချာက မြို့တော်ဗန်ကောက်ရှိ ဆီရီရာဂျ်ဆေးရုံတွင် ခေတ္တခဏရောက်ရှိနေသော ထိုင်းဘုရင်ကို ပြောကြားခဲ့သည်။

ဘုရင်က ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင် ၃၂ ဦးကို မိန့်ခွန်းပြောကြားခြင်း မရှိပေ။ အစိုးရသစ်သည် အမျိုးသားညီလာခံတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒကိုမချပြမီ ၎င်း၏ပထမဆုံး အစည်းအဝေးကို စက်တင်ဘာ ၉ ရက်တွင် ပြုလုပ်ရန် သတ်မှတ်ထားသည်။

အထွေထွေရွေးကောက်ပွဲကို လာမည့်နှစ်နောက်ဆုံးကာလများ သို့မဟုတ် ၂၀၁၆အစောပိုင်းကာလများတွင် မကျင်းပမီ အစိုးရသစ်က နိုင်ငံကို တစ်နှစ်ပတ်လုံး ထိန်းကျောင်းအုပ်ချုပ်သွားရန် မျှော်လင့်ထားသည်။

ထို့ပြင် တရားမျှတပြီး ရိုးသားမှုရှိကာ ပွင့်လင်းမြင်သာရှိမှုဖြင့် အမတ်လောင်းများကို ရွေးချယ်သွားရန် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကောင်စီ၏ ရွေးချယ်ခံအဖွဲ့များနှင့် သက်ဆိုင်သောလုပ်ငန်းများကို လုပ်ဆောင်ရမည်ဟု ဝန်ကြီးချုပ်က ဂျူရီအဖွဲ့ကို ၎င်း၏ဆက်စပ်တိုးတက်မှုတစ်ခုအဖြစ် ကြာသပတေးနေ့က ပြောကြားခဲ့သည်။

နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကောင်စီ၏ အမတ် ၂၅၀တို့က နိုင်ငံရေး၊ နိုင်ငံတော်အုပ်ချုပ်ရေး၊ ဒေသတွင်းအုပ်ချုပ်ရေး၊ ဥပဒေနှင့်တရားမျှတမှုရှိရေး၊ ပညာရေး၊ စီးပွားရေး၊ စွမ်းအင်၊ ပြည်သူ့ကျန်းမာရေး၊ သဘာဝပတ် ဝန်းကျင်နှင့် အများပြည်သူဝန်ဆောင်မှုမီဒီယာအပါအဝင် နယ်ပယ် ၁၁ ခုကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဟု မျှော်လင့်ထားကြသည်။ **(ဆင်ဟွာ)**

# အိန္ဒိယနှင့်ဩစတြေးလျ နျူကလီးယားစာချုပ် လက်မှတ်ရေးထိုး

**နယူးဒေလီ စက်တင်ဘာ ၆**

အိန္ဒိယနှင့် ဩစတြေးလျနိုင်ငံတို့သည် ကင်ဘာရာက နယူးဒေလီသို့ ယူရေနီယမ်တင်ပို့မှုအပေါ် အခြေခံပြီး နျူကလီးယားစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ပရက်စ်တီဗွီသတင်း တစ်ရပ်တွင် ဖော်ပြသည်။



သောကြာနေ့က အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် အလည်အပတ်ရောက်ရှိနေသော ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့တို့သည် အိန္ဒိယနိုင်ငံ၏ လိုအပ်နေသော စွမ်းအင်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ သန့်စင်ပြီး ယူရေနီယမ်ပေးပို့ရေး သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် နှစ်နိုင်ငံအရေး၊ ဒေသအရေးနှင့် ယူကရိန်းနှင့် အီရတ်တို့၌ ဖြစ်ပွားနေသော ကိစ္စများအပါအဝင် နိုင်ငံတကာအရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပွဲအပြီး မိုဒီက သတင်းထောက်များအား ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ဩစတြေးလျက အိန္ဒိယကို နျူကလီးယား ငြိမ်းချမ်းစွာ အသုံးပြုလိမ့်မယ်လို့ ယုံကြည်တဲ့အတွက် လက်မှတ်ရေးထိုးလိုက်တာပါ"ဟု မစ္စတာအက်ဘော့က ပြောသည်။

မစ္စတာအက်ဘော့သည် အိန္ဒိယမှတစ်ဆင့် မလေးရှားသို့လည်း ဆက်လက် သွားရောက်လိမ့်မည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# အိုင်အက်စ်စစ်သွေးကြွများအား ညွန့်ပေါင်းဖွဲ့ပြီးတိုက်မည်



**နေတိုး စက်တင်ဘာ ၆**

အမေရိကန်က အိုင်အက်စ်စစ်သွေးကြွများအား စစ်ရေးအရ တိုက်ခိုက်နေရာတွင် နေတိုးမဟာမိတ်ညွန့်ပေါင်းအဖွဲ့အနေဖြင့် အသင့်ဖြစ်နေကြောင်း အမေရိကန်သမ္မတ အိုဘားမားက ကြေညာလိုက်သည်။

ခြိမ်းခြောက်မှုကို ကိုင်တွယ်သွားရန် ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ဝေးလ်၌ကျင်းပသော နေတိုးထိပ်သီးအစည်းအဝေး၌ ၎င်းကပြောသည်။

အဆိုပါ ညွန့်ပေါင်းအဖွဲ့တွင် အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ပိုလန်နှင့် တူရကီတို့ ပါဝင်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ချော့ဟာဂျယ်က ပြောသည်။

အဆိုပါ အိုင်အက်စ်စစ်သွေးကြွများက လွန်ခဲ့သည့်လများအတွင်း အီရတ်နှင့် ဆီးရီးယားဒေသများကို သိမ်းပိုက်ထားကြသည်။

ညွန့်ပေါင်းအဖွဲ့အနေဖြင့် အီရန်နိုင်ငံတစ်ဝန်း စစ်သွေးကြွများကို ထိပ်တိုက်ရင်ဆိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သမ္မတ အိုဘားမားက အစည်းအဝေးပိတ်ပွဲအခမ်းအနား၌ ပြောကြားသည်။

စစ်သွေးကြွများသည် အမေရိကန် သတင်းထောက်များဖြစ်သည့် ဂျိမ်းစ်ဖိုလေးနှင့် စတီဗင်ဆော့လော့ဖ်တို့အား ခေါင်းဖြတ်သတ်ဖြတ်သည့် ဗီဒီယိုအခွေထုတ်ပြန်ပြီးကတည်းက နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ၎င်းတို့ကိုထိန်းချုပ်ရန် ကြိုးစားလျက်ရှိသည်။ **(ဘီဘီစီ)**

# အိန္ဒိယနှင့်ပါကစ္စတန်၌ရေကြီး၍ လူ ၁၀၀ ကျော် သေဆုံး



**လာဟိုး စက်တင်ဘာ ၆**

အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးသဖြင့် လူပေါင်း ၁၀၀ ကျော် သေဆုံးသွားပြီဖြစ်ကြောင်း၊ လမ်းမကြီးများ အများအပြား ပိတ်ထားရဆဲဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်ပန်ဂျပ်ပြည်နယ်နှင့် အိန္ဒိယထိန်းချုပ်ကက်ရှ်မီးယားဒေသတို့၌ သောကြာနေ့က မိုးသည်းထန်စွာ ဆက်လက် ရွာသွန်းခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ပါကစ္စတန်နိုင်ငံ၌ အနည်းဆုံး လူပေါင်း ၇၀ သေဆုံးပြီး အိန္ဒိယ၌ ၃၀ သေဆုံးကြောင်း ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သေဆုံးသူအချို့ကို ပြိုကျနေသော အမိုးများအောက်၌လည်းကောင်း၊ ရုတ်တရက်ရေကြီးမှုကြောင့် ရွှံ့ညွန်များအောက်တွင်လည်းကောင်း တွေ့ရသည်ဟုဆိုသည်။

အဆိုပါဒေသသည် မုတ်သုံမိုးရေကြီးမှုကို အဆိုးရွားဆုံးခံစားရပြီး ဆယ်စုနှစ် နှစ်ခုကျော်အတွင်းအဆိုးဆုံးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ကက်ရှ်မီးယားဒေသအချို့၌ ကျောင်းများနှင့် အများပြည်သူများနှင့်ဆိုင်သော နေရာများ ပိတ်ထားရပြီး ရေနှင့်မီးပြတ်တောက်နေကြောင်း တာဝန်ရှိသူများက ပြောသည်။ **(ပရက်စ်တီဗွီ)**

# ဂျပန်ဝန်ကြီးချုပ် ဆက်ဆံရေးတိုးမြှင့်ရန် အရှေ့အာရှနိုင်ငံအချို့သို့ ထွက်ခွာ

**တိုကျို စက်တင်ဘာ ၆**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် စနေနေ့က ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံတို့ကို ဂျပန်နိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်ရန် သွားရောက်ခဲ့သည်။

အာဘေးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဒါကာတွင် ဝန်ကြီးချုပ် ရှိတ်ဟာစီနာနှင့်တွေ့ဆုံ၍ ဂျပန်နိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့သည်။ အလားတူ သီရိလင်္ကာသမ္မတ မဟင်ဒါရာဂျာပက်ခ်စာနှင့် ကိုလံဘိုတွင် တနင်္ဂနွေနေ့က တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွေးနွေးမည်ဖြစ်သည်။

ယင်းနှစ်နိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်လုပ်ဆောင်သွားရန် မျှော်လင့်ကြောင်း၊ ထို့ပြင် ယင်းနိုင်ငံများ၏ စွမ်းအင်များကိုအသုံးပြု၍ ဂျပန်နိုင်ငံ၏ စီးပွားရေးကို တစ်ဖန် ပြန်လည်ဆန်းသစ်ကောင်းမွန်လာအောင် လုပ်ဆောင်သွားရန် မျှော်လင့်ထားကြောင်း အာဘေးက ၎င်း၏ခရီးစဉ် မတိုင်မီ ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လက်နက်ဖြင့် ပြန်လည်ခုခံသည့် မူးယစ်တရားခံပြေးနှစ်ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၆**

စက်တင်ဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု(၃၂)မြဝတီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့မရဲစခန်း မယ (ပ) ၅၀/၂၀၁၄ မူးစိတ်ပုဒ်မ ၁၅/၁၆(ဂ)/၂၁ အမှုမှ တိမ်းရှောင်နေသည့် ကွင်းဆက်တရားခံ ကျော်မင်းသူနှင့် မြဝတီမြို့မရဲစခန်း မယ(ပ) ၁၈/၂၀၁၃ မူးစိတ်ပုဒ်မ ၁၅/၁၆(ဂ)/၂၁ အမှုမှတိမ်းရှောင်နေသည့် ကွင်းဆက်တရားခံ မဖာတမာတို့ သည် မြဝတီမြို့ ရပ်ကွက်(၄) ပြည်တော်သာ ၄ လမ်း သရက်ခြံတွင် ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ကျော်မင်းသူမှာ အဖမ်းမခံဘဲ ကိုးလုံးကျည်ပြောင်း ခြောက်သေနတ်တစ်လက် (ကျည် ၃ တောင့်ပါ)ဖြင့် ပြန်လည်ခုခံရန်ပြု၍ ပူးပေါင်းအဖွဲ့မှ ကာဘိုင်သေနတ်ဖြင့် တစ်ချက်ပစ်ခတ် ကာကွယ်ခဲ့ရာ ကျော်မင်းသူ၏ ဝဲဘက်တင်ပါးအောက်ရှပ်မှန် ဒဏ်ရာတစ်ချက်ထိမှန်ပြီး မဖာတမာကလည်း ဖမ်းဆီးရေးအဖွဲ့အား အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းဖြင့် ရန်ပြုခဲ့၍ ၎င်းတို့နှစ်ဦးအပေါ် လက်နက်ဥပဒေပုဒ်မ ၁၉ (စ)ဖြင့်လည်းကောင်း၊ ၁၉(င)ဖြင့်လည်းကောင်း၊ မူးယစ်တရားခံပြေး အမှုတို့ဖြင့်လည်းကောင်း အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မူးယစ်တရားခံပြေး ကျော်မင်းသူနှင့် မဖာတမာတို့ကို ခုခံရန်ပြုသော လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# ဖားကန့်မြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ဖားကန့် စက်တင်ဘာ ၆**

ဖားကန့်မြို့နယ်တွင် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ဖြင့် ရဲနှင့်ပြည်သူ ပူးပေါင်း၍ မူးယစ်ဆေးဝါးများဖမ်းဆီးရာ သတင်းအရ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ စက်တင်ဘာ ၅ ရက်က မော်ဝမ်းရပ်ကွက် မန်းအောင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မန်းအောင်အား ၎င်း၏နေအိမ်အဝင်ပေါက်တွင် အသင့်တွေ့ရှိရပြီး ၎င်းလွယ်ထားသည့် O / WAS စာတန်းပါ အညိုရောင်ဘေးလွယ်အိတ်ကို ရှာဖွေရာ ပလတ်စတစ်အကြည် အဖြူရောင်အိတ်ဖြင့် ထုပ်ထားသော 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၂ ပြား၊ အလေးချိန် ၆ ဒသမ ၂ ဂရမ်ခန့်ပါတစ်ထုပ် ကာလတန်ဖိုး ငွေကျပ် ၃၇၂၀၀၀ နှင့် မူးယစ်ဆေးဝါး ရောင်းချရငွေဟု ယူဆရသော အများသုံး မြန်မာငွေစက္ကူရောရာ ၅၉၂၁၆၀၀ နှင့် ၎င်းအသုံးပြုသော အနက်ရောင်ခေါက်ဖုန်းတစ်လုံးတို့ကို ရှာဖွေတွေ့ရှိရာ ကိုကိုအောင်(ခ)မာမီအောင်(ခ)မန်းအောင်က ၎င်းရောင်းချရာမှ ကျန်ရှိ သော မူးယစ်ဆေးဝါးများဖြစ်ကြောင်းနှင့် မူးယစ်ဆေးဝါးရောင်းချရငွေများဖြစ်ကြောင်း၊ ဖုန်းမှာလည်း ၎င်း၏ဖုန်းဖြစ်ကြောင်း သက်သေများရှေ့ ပေးအပ်ရာ ရှာဖွေပုံစံဖြင့် ရေးသွင်းချိန်တွယ် ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချ လက်ဝယ်ထားရှိသူ ကိုကိုအောင်(ခ) မာမီအောင်(ခ) မန်းအောင် (၄၂ နှစ်)၊ မော်ဝမ်းရပ်ကွက် ဖားကန့်မြို့နေသူကို ဖားကန့်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**



ကူးလနှင့် လွမ်းဂျုံးတို့ကို ဖမ်းဆီးရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# ကွတ်ခိုင်မြို့တွင် ဘိန်းဖြူ ၁၄၄ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၆**

စက်တင်ဘာ ၄ရက် က မူးယစ်တပ်ဖွဲ့စု (၂၂)မူဆယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်-ကောင်းခါးကျေးရွာသွားလမ်း ကွတ်ခိုင်မြို့အထွက် လမ်းမပေါ်တွင် လွယ်ခန်ကျေးရွာဘက်မှ ကွတ်ခိုင်ဘက်သို့ လွမ်းဂျုံးဆိုသူမောင်းနှင်ပြီး ကူးလဆိုသူလိုက်ပါလာသည့် ဆိုင်ကယ်အားရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ကိုးခွက်၊ အလေးချိန် ၁၄၄ ဂရမ် သိမ်းဆည်းရမိသဖြင့် လွမ်းဂျုံး (၂၁နှစ်)နှင့် ကူးလ(၄၀နှစ်)တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အောင်ပန်းဘူတာတွင် ဘိန်းစိမ်း ၇၁၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၅ ပြား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၆**

စက်တင်ဘာ ၄ ရက်က အမှတ် (၇) တပ်ခွဲ အောင်ပန်းရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အမှတ် ၁၄၈ လွိုင်ကော်-ပျဉ်းမနားအစုန်ရထား ပထမတန်းတွဲ၊ ခုံအမှတ် ၉ နှင့် ၁၁ တွင် လိုက်ပါစီးနင်းသည့် ခရီးသည် စံရှိန်ဆိုသူနှင့် မြင့်သန်းဆိုသူတို့ထံမှ ဘိန်းစိမ်း ၇၁၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၅ ပြား သိမ်းဆည်းရမိသဖြင့် စံရှိန်(၆၉ နှစ်)နှင့် မြင့်သန်း (၄၃ နှစ်)တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှပ်ပြေးရေယာဉ်ပေါ်မှ ဘိန်းဖြူ၊ ဘိန်းမည်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**ကသာ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ ရပ်ကွက်(၁၀) ရေဆိပ်ကမ်းတွင် ရပ်ထားသော ရှပ်ပြေးရေယာဉ်ပေါ်မှ ဘိန်းဖြူ၊ ဘိန်းမည်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကသာမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်လင်းဦးနှင့်အဖွဲ့သည် သက်သေ ရပ်ကွက် (၁၀) အုပ်ချုပ်ရေးမှူး ဦးထွန်းခိုင်၊ ဦးကျော်သူရတို့နှင့်အတူ ရပ်ကွက်(၁၀)သဖန်းကိုင်းတွင် ရပ်နားထားသော စိန်လှုထွန်းအမည်ပါ ရှပ်ပြေးရေယာဉ်တွင် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ရေယာဉ်ပေါ်သို့ တက်ရောက်ပြီး ရှာဖွေခဲ့ရာ ရေယာဉ်ပေါ်တွင် ညီညီစိုး၊ သဲဇော်ထွန်း(ခ)ဖိုးသဲ၊ အောင်ဖြိုးတို့ကို အသင့်တွေ့ရှိရပြီး ရေယာဉ်၏ ဆလင်ခန်းညာဘက်ထောင့် အောက်ခြေမှ ဂျာနယ်ဖြင့် ထုပ်လျက် ကမ္ဘာလုံးတံဆိပ်ပါ အပြာရောင် ကပ်ခွာအိတ်အတွင်း WY စာတန်းပါ အနီရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၊ ၁၉ ဂရမ်၊ ဒေသပေါက်ဈေး တစ်ပြား ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်း တန်ဖိုး ၉၅၀၀၀၀ ကျပ်၊ ရေယာဉ်အိမ်သာအမိုးကြားမှ အနက်ရောင်ကြွပ်ကြွပ်အိတ် အတွင်းအဖုံးပါ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၀ ဒသမ ၃ ဂရမ်ပါတစ်ပုလင်း ကာလတန်ဖိုး ငွေကျပ် ၃၀၀၀၀၊ အနက်ရောင်ကြွပ်ကြွပ်အိတ် အကြည်ရောင် ပလတ်စတစ်အပိုင်းငယ်ဖြင့် ထည့်လျက် ဘိန်းစိမ်းဟုယူဆရသော အညိုရောင်အစေးခဲ ၀ ဒသမ ၈ ဂရမ်ခန့် ကာလတန်ဖိုး ငွေကျပ် ၂၄၀၀၊ ရေယာဉ်အိပ်ခန်းအတွင်းမှ မြေအိုးငယ်အတွင်းထည့်ထားသော ငါးထောင်ကျပ်တန် ငွေစက္ကူ ၈၇ ရွက် ငွေကျပ် ၄၃၅၀၀၀ အပါအဝင် စိန်လှုထွန်းအမည်ပါ အင်ဂျင်ရှစ်လုံးတပ် ရှပ်ပြေးရေယာဉ်တစ်စင်းကို သိမ်းဆည်းရမိ၍ ရှပ်ပြေးပေါ်တွင် တွေ့ရှိသည့် ညီညီစိုး(၄၂နှစ်) စက်လှေကိုယ်စားလှယ် အောင်မင်္ဂလာရပ် ကလေးမြို့၊ သဲဇော်ထွန်း(ခ)ဖိုးသဲ (၂၄ နှစ်) ကျွန်းကြီးရွာ အင်းနက်အုပ်စု တကောင်းမြို့နယ်၊ အောင်ဖြိုး(၂၂နှစ်) ကမ်းနားတန်းလမ်း မော်လိုက်မြို့တို့ထံမှ သက်သေများရှေ့ ရှာဖွေပုံစံဖြင့် စနစ်တကျ ရေးသွင်းသိမ်းဆည်းခဲ့ပြီး ရဲအုပ်အောင်လင်းဦးက တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ကျိုင်းတုံ၌ ဘိန်းစိမ်းများဖမ်းဆီးရမိ

**ကျိုင်းတုံ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းဖောင်းရဲကင်းရှေ့ လမ်းမပေါ်တွင် ဘိန်းစိမ်းအလေးချိန် ၁၉၃၀ ဂရမ် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၂၈) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ကျိုင်း တုံ)မှ ရဲအုပ်မြင့်အောင် ဦးစီးပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ စက်တင်ဘာ ၄ ရက် နံနက် ၇ နာရီက ကျိုင်းတုံမြို့ ကျိုင်းဖောင်းရဲကင်းရှေ့ လမ်းမပေါ်တွင် မူးယစ်သတင်းအရ စောင့်ဆိုင်းနေစဉ် မိုင်းပျဉ်းဘက်မှ ကျိုင်းတုံမြို့အတွင်းသို့ ဗေညှ(ကျား)မောင်းနှင်လာသော ထိုင်းနိုင်ငံလုပ် နံပါတ်မပါ HONDA WAVE -110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာမှာ ဗေညှလွယ်ထားသော ချည်လွယ်အိတ်အတွင်းမှ အဖြူရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်လျက် ဘိန်းစိမ်းအလေးချိန် ၇၉၀ ဂရမ်ပါ တစ်ထုပ်၊ ဘိန်းစိမ်းအလေးချိန် ၆၈၀ ဂရမ်ပါ တစ်ထုပ်၊ အဖြူရောင်ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်လျက် ဘိန်းစိမ်း အလေးချိန် ၄၆၀ ဂရမ်ခန့်ပါ တစ်ထုပ် စုစုပေါင်း ဘိန်းစိမ်းအလေးချိန် ၁၉၃၀ ဂရမ်ခန့်ကို သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

**မြင့်မိုရ်(တာချီလိတ်)**

**မူးယစ်ဆေးဝါးအန္တရာယ် သင့်မိသားစုအတွင်း မကျရောက်မိအောင် အစဉ်သတိပြုပါ**






ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဥပစာအသုံးများ-၃

မောင်ခင်မင်(ဓနုဖြူ)

"ဘဘ၊ ဥပစာအသုံးတွေအကြောင်းဆက်ပြောမယ် မဟုတ်လား"

"အေး၊ ပြောစရာတွေ ကျန်သေးတယ်လေ။ သမီးဘာပြောစရာရှိလို့လဲ"

"ဩော်. . . လူမှုဖူလုံရေးဌာနဆိုတဲ့စကားမှာပါတဲ့ 'ဖူလုံ'ဆိုတဲ့ စကားလုံးအကြောင်း သတိရလို့ပါ ဘဘ"

"ဆိုပါဦး"

"ဖူလုံဆိုတာ လုံလောက်တယ်လို့ ဆိုလိုတာမဟုတ်လား ဘဘ"

"ဟုတ်တယ်လေ"

"စားစရာတွေဖူလုံတယ်၊ ဖူဖူလုံလုံရှိတယ်ဆိုတာမျိုးတွေ သမီးတို့ အမြဲသုံးနေတာပဲ၊ ဒါပေမယ့် အဲဒီ'ဖူလုံ'ဆိုတဲ့ စကားလုံးအဓိပ္ပာယ်ကိုတော့ တိတိကျကျမသိပါဘူး။ မသိပေမယ့်လည်း သုံးလို့ဖြစ်နေတာပဲနော်"

"ဟုတ်ပြီ။ သမီးပြောချင်တာ ဘဘနားလည်တယ်။ ဖူလုံကို တချို့ ဥပစာအသုံးတွေက အဓိပ္ပာယ်တစ်လုံးချင်း အတိအကျသိဖို့မလွယ်ဘူးလေ။ ပညာရပ်အနေနဲ့ လေ့လာနေတဲ့သူမှသိမှာ။ အဲ. . . ဒါပေမယ့် အဲဒီလိုတစ်လုံးချင်းအတိအကျမသိလည်း ကိစ္စမရှိပါဘူး၊ ဖူလုံတယ်ဆိုတာ လုံလောက်တာမှန်း သိဖို့ပဲလိုတာလေ။ ဒါဆိုရင် မှန်မှန်ကန်ကန်သုံးလို့ ရနေတာပဲ၊ သုံးလည်း သုံးနေကြတာပဲလေ"

"နားလည်ပါပြီဘဘ။ ဒါဆိုရင် အဲဒီ'ဖူလုံ'ရဲ့ အဓိပ္ပာယ်က ဘာပါလဲ"

"အေး. . ဘဘလေ့လာမိသလောက်တော့ 'ဖူလုံ'ဆိုတာ သုံးပုံဖဲစကားပဲ သမီးရဲ့၊ သုံးပုံဖဲဆိုတာရော သိရဲ့လား"

"စာထဲမှာတော့ ဖတ်ဖူးပါတယ်ဘဘ"

"အေး. . . သုံးပုံဖဲက ရှေးကကစားတဲ့ ဖဲကစားနည်းဆိုပါတော့။ ခုခေတ်မှာတော့ သိပ်မတွေ့ရတော့ဘူး။ ဖဲချပ်တွေက သမီးတို့မြင်ဖူးတဲ့ စက္ကူဖဲချပ်တွေ၊ ပလတ်စတစ်ဖဲချပ်တွေလို မဟုတ်ဘူး။ တချို့ကိုဆင်စွယ်နဲ့လုပ်တယ်။ တချို့ကို ရှားသားအနှစ်နဲ့ လုပ်တယ်. . တဲ့။ တခြားသစ်သားနဲ့လည်း လုပ်ခိုင်းတာပေါ့။ အရှည်တစ်လက်မခွဲ၊ ဗျက်တစ်လက်မလောက်ရှိတဲ့ လေးထောင့်ပြားကလေးတွေပေါ်မှ ကြေးမှိုကလေးတွေရိုက်ပြီး အပြောက်ကလေးတွေ ဖော်ထားတာပေါ့"

"ဟုတ်ကဲ့။ မြန်မာအဘိဓာန်ထဲမှာ သုံးပုံဖဲချပ်ပုံကလေးတွေ ပါပါတယ် ဘဘ"

"အေး. . . အဲဒီဖဲချပ် ၂၄ ချပ်ကို လူသုံးယောက်၊ တစ်ယောက် ရှစ်ချပ်စီယူပြီး ကစားရတယ်။ ဖဲသုံးချပ်ကို တစ်ဖူလို့ခေါ်တယ်။ လူတစ်ယောက်မှာ ဖဲလေးဖူရရင် ဖူလုံတယ်လို့ခေါ်တယ်။ အဲဒီ ဖူလုံရဲ့ အဓိပ္ပာယ်ပဲ။ ဖူလုံရင် ကိုယ်ကမနိုင်လည်း ကိစ္စမရှိဘူး။ နိုင်တဲ့သူကို အလျော်မပေးရဘူးတဲ့။ အဲဒီလိုကိုယ့်အတွက်လုံလောက်တဲ့ အဓိပ္ပာယ်ကို သုံးပုံဖဲနဲ့မဆိုင်တဲ့ တခြားကိစ္စတွေမှာ ပြောင်းပြီးတင်စားသုံးရာက အသုံးတွင်ကျယ်လာတာပဲပေါ့ကွယ်"

"စိတ်ဝင်စားစရာပဲနော် ဘဘ"

"အေး. . . ဖူလုံနဲ့ ဆက်စပ်နေတဲ့ စကားတစ်လုံးရှိသေးတယ်။ 'တစ်ဖူနာတယ်'ဆိုတဲ့ စကားလေ။ သမီးကြားဖူးသလား"

"ငါက. . . အသက်ကြီးနေလို့ ကွန်ပျူတာမသုံးတတ်တာ တစ်ဖူနာတာပဲကွာလို့ သမီးဖေဖေပြောတာ ကြားဖူးပါတယ် ဘဘ"

"အေး. . . ဒီကိစ္စတစ်ခုနစ်နာသွားတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ သုံးပုံဖဲကစားရာမှာ လေးဖူရရင် ဖူလုံပြီး အလျော်မပေးရမှာကို သုံးဖူတည်းရတော့ တစ်ဖူနာသွားတယ် မဟုတ်လား။ အဲဒီအဓိပ္ပာယ်နဲ့ တင်စားသုံးတာလေ။ တစ်လုံးချင်းအဓိပ္ပာယ် မသိပေမယ့် ဆိုလိုတဲ့အဓိပ္ပာယ်ကို သိတာမို့ ဒီစကားကို ဘဘတို့အလွယ်တကူသုံးနေတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ ဒီလိုဆိုရင် သုံးပုံဖဲကိုပဲ တခြားအလုပ်တွေမှာ သုံးတဲ့စကားတွေကို ဥပစာအဖြစ် ပြောင်းသုံးတာတွေ အများကြီးရှိမယ်ထင်တယ်နော် ဘဘ"

"ဒါပေါ့ကွယ်။ လုပ်ငန်းအမျိုးမျိုးက စကားတွေကို အဲဒီလုပ်ငန်းတွေနဲ့ မဆိုင်တဲ့ တခြားကိစ္စတွေအတွက် ပြောင်းပြီးကျယ်ကျယ်ပြန့်ပြန့်သုံးနေတဲ့ ဥပစာအသုံးတွေ အများကြီးပါ။ ကဲ. . . ဘဘပြောမယ်။ ဘဘက သမီးကို ဘယ်အလုပ်ဖြစ်ဖြစ် စည်းလွတ်ဝါးလွတ်မလုပ်နဲ့လို့ပြောရင် သမီးဘယ်လို နားလည်သလဲ"

"ဟုတ်ကဲ့၊ စည်းမရှိကမ်းမရှိ ပရမ်းပတာမလုပ်နဲ့လို့ ဆိုလိုတာပါ"

"အေး. . . အဲဒီစကားက ဂီတပညာက လာတာပေါ့ကွယ်။ ဂီတမှာ စည်းဝါးဟာ အရေးကြီးတယ်။ စည်းဝါးကျအောင် စနစ်တကျ တီးရ၊ ဆိုရတယ်။ စည်းဝါးလွတ်သွားရင် စည်းကမ်းမကျတော့ဘူး။ အဲဒီသဘောနဲ့ တင်စားပြီး သုံးတာပေါ့ကွယ်"

"ဒါဆိုရင် အိမ်ကိုဧည့်သည်တွေ ရုတ်တရက်ရောက်လာတာကို ဆိုင်းမဆင့် ဗုံမဆင့်ရောက်လာတယ်လို့ ပြောတာကရော ဘဘ"

"အေး. . . ဒါက ဇာတ်သဘင်စကားပေါ့။ ဇာတ်ကတဲ့အခါ ကတဲ့သူက သူ့ဘာလုပ်ပါတော့မယ်၊ ဒါကြောင့် ဆိုင်းဆရာက ဘယ်လိုတီးလုံးတီးကွက်မျိုးတီးပေးပါလို့ စာသံပေသံနဲ့ပြောရတယ်။ အဲဒါကို ဆိုင်းဆင့်တယ်လို့ခေါ်တာပေါ့။ သမီးတို့ ဆယ်တန်းတုန်းက သင်ရတဲ့ ရေသည်ပြဇာတ်မှာ ရေသည်မိန်းမက ဆိုင်းဆရာကို 'အိုးပင့်တော်မူ လိုက်စမ်းပါဦး မောင်ကြီးရှင့်'လို့ ဆိုင်းဆင့်တယ် မဟုတ်လား။ အဲဒီတော့မှ ဆိုင်းဆရာက ဆီလျော်ရာ တီးလုံးတီးပေးလိုက်တော့ ရေသည်မက ရေအိုးရွက်ပြီး ဝင်သွားတာလေ။ ဒီတော့ ကပြသူတစ်ခုခုလုပ်တော့မယ်ဆိုရင် ကြိုတင်ဆိုင်းဆင့်ရမှာကို ဆိုင်းမဆင့်ဘဲ ရုတ်တရက်ထွက်တာမျိုး၊ ဧည့်သည်တွေက ကြိုတင်အကြောင်းကြားမထားဘဲ ရုတ်တရက်ရောက်လာလို့ ဆိုင်းမဆင့်ဗုံမဆင့် ရောက်လာတယ်လို့ ပြောတာပေါ့"

"နားလည်ပါပြီ ဘဘ"

"သိပ်တွင်ကျယ်တဲ့ စကားတစ်လုံးရှိသေးတယ်။ သင်ပုန်းချေတယ် ဆိုတာလေ"

"ဩော် တစ်ဖက်နဲ့တစ်ဖက် ရန်ငြိုးတွေ သင်ပုန်းချေကြပါစို့လို့ သုံးတာမျိုး ကြားဖူးပါတယ် ဘဘ"

"အေး. . . ဒီစကားက ရှေးကစာသင်ကျောင်းတွေမှာ သစ်သားသင်ပုန်းတွေနဲ့ စာရေးရတဲ့အလေ့နဲ့ ဆိုင်တယ်။ ရှေးက ဘုန်းတော်ကြီးကျောင်းတွေမှာ စာသင်ရင် ကျောင်းသားတွေက အလျားတစ်တောင်ကျော်ကျော်လောက်ရှိတဲ့ သစ်သားသင်ပုန်းတွေနဲ့ ရေးရတယ်။ ကျောက်သင်ပုန်းမပေါ်ခင်ကပေါ့။ သင်ပုန်းကို မီးသွေးမှုန့်ရယ်၊ တမာစေးရယ်၊ ရေနဲ့ရောပြီး သုတ်ရတယ်။ အခြောက်ခံထားပြီး ခြောက်ရင် ကန့်ကူဆန်ပါတဲ့ ကျောက်တံနုနုကလေးနဲ့ ရေးရတာပေါ့။ ရေးပြီးရင်ဖျက်ပြီး မီးသွေးမှုန့်အရည်နဲ့ ပြန်သုတ်ရတယ်လေ။ မီးသွေးနဲ့ထမင်းရည်နဲ့ ရောတာလည်းရှိတယ်။ ရေးထားတဲ့စာတွေကို ပြန်ဖျက်ပြီး နေပူလှန်းထားပြီး ခြောက်မှ နောက်တစ်ခါပြန်ရေးလို့ရတယ်။ အဲဒီလိုပြန်ဖျက်တာကို သင်ပုန်းချေတယ်လို့ ခေါ်တယ်။ အဲဒီလိုပဲ၊ အပြစ်တွေ၊ အကြွေးတွေကို ချေဖျက်ပစ်လိုက်တဲ့ အဓိပ္ပာယ်နဲ့ တင်စားသုံးတာလေ"

**ပန်းတိုင်ရောက်အောင် ကြိုးစားရမယ်ဆိုတဲ့ စကားတွေက ပြေးပွဲပြိုင်ပွဲက စကားတွေဆိုတာ သမီးသိမှာပါ။ ဒါပေမယ့် ဒီစကားတွေကို တခြားကိစ္စတွေမှာ တွင်တွင်ကျယ်ကျယ်သုံးနေတာမို့ ဥပစာအသုံးတွေ ဖြစ်နေပြီလေ**

"ဘဘ၊ 'ကန့်ကူလက်လှည့်ဆရာ'ဆိုတဲ့ စကားကရော သင်ပုန်းမှာ ကန့်ကူဆန်နဲ့ရေးတဲ့ အလေ့နဲ့ဆိုင်တယ်ထင်တယ်"

"ဆိုင်တာပေါ့။ ကလေးတွေကျောင်းနေစမှာ စာရေးသင်တဲ့အခါ ဆရာက ကလေးရဲ့လက်ကိုကိုင်ပြီး ကန့်ကူဆန်ကို လှည့်ရေးတတ်အောင် တစ်ထပ်တည်း သင်ပေးတယ်လေ။ ဒါကြောင့် 'ကန့်ကူလက်လှည့်ဆရာ' ဆိုတာ အရင်ဆုံးစာသင်ပေးတဲ့ငယ်ဆရာကိုခေါ်တာပေါ့။ တခြား ပညာရပ်တွေ စသင်ပေးတဲ့ဆရာကိုလည်း ကန့်ကူလက်လှည့်ဆရာလို့ တင်စားသုံးပါတယ်"

"သူများခိုင်းတာကိုယ်လုပ်ရတဲ့သူကို ရုပ်သေးလို့တင်စားတယ် မဟုတ်လား ဘဘ။ ဟုတ်တယ်။ ရုပ်သေးရုပ်ဆိုတာ ကြိုးဆွဲတဲ့သူ ဆွဲသလို ကရတယ်မဟုတ်လား။ အဲဒီလိုပဲ သူများညွှန်ခံပြီးလှုပ်ရှားရတဲ့ အဖွဲ့အစည်းကို ရုပ်သေးနဲ့တင်စားပြီး ရုပ်သေးအစိုးရဆိုတာမျိုးသုံးတာပေါ့။ 'သူ့ကို ဟိုအဖွဲ့က ကြိုးဆွဲနေတယ်' ဆိုတဲ့စကားကလည်း အဲဒီအဓိပ္ပာယ်ပဲ၊ ရုပ်သေးရုပ်ကိုနောက်ကွယ်ကကြိုးဆွဲသလို နောက်ကနေပြီး ညွှန်ကြားပေးနေတာမျိုး၊ ခိုင်းနေတာမျိုးကိုတင်စားတာပါ"

"စင်ပြိုင်အစိုးရ ဆိုတာကရောဘဘ"

"အေး. . . . ရုပ်သေးစင်ချင်း၊ ဇာတ်စင်ချင်းပြိုင်ပြီးကတာကို စင်ပြိုင်လို့သုံးတာပေါ့။ နောက်တော့ 'စင်ပြိုင်ပွဲ'၊ 'စင်ပြိုင်ကုမ္ပဏီ'ဆိုတာမျိုးတွေ သုံးလာတာပေါ့ကွယ်"

"သုံးပုံဖဲကို တခြားကစားနည်းတွေကလာတဲ့ ဥပစာတွေရော ရှိသေးသလား ဘဘ"

"အင်း. . . . ပဆစ်ပစ်တဲ့ကစားနည်းနဲ့ဆိုင်တဲ့ဥပစာတွေ ရှိတယ်။ ကြက်ခြေခတ်ပုံ လက်တံလေးဖက်ပါတဲ့ပဆစ်အိမ်မှာ အကွက်တွေ ဖော်ပြီး ကြွေစေ့ခြောက်စေ့ပစ်ကစားရတယ်။ ကြွေစေ့လှန်ပုံမှောက်ပုံကို ကြည့်ပြီး ပဆစ်ကွက်တွေပေါ်မှာပိုလို့ခေါ်တဲ့ ရွှေ့စရာကလေးကိုရွှေ့ရတဲ့ ကစားနည်းပဲ။ အဲဒီလိုကြွေပစ်ရာမှာ တစ်ဖက်လူကိုကြွေနှစ်ပွင့်အသာ ပေးတာကို 'ပါစားပေးတယ်'လို့ခေါ်တယ်။ 'ပါ'ဆိုတာ မွန်စကား 'နှစ်'လို့ အဓိပ္ပာယ်ရတယ်။ အဲဒီကစားနည်းကိုအစွဲပြုပြီး 'ပါစားပေးတယ်' ဆိုတဲ့စကားကို အခွင့်အရေးပေးတယ်၊ မျက်နှာသာပေးတယ်'ဆိုတဲ့ အဓိပ္ပာယ်နဲ့တင်စားသုံးတာပေါ့"

"သားနဲ့သမီးကို အမြဲတမ်းပါစားပေးတယ်လို့ အမေကအဖေ့ကို မကြာခဏပြောတာ ခုမှအဓိပ္ပာယ်သေသေချာချာနားလည်ပါတယ်ဘဘ"

"အေး. . . . နောက်တစ်လုံးရှိသေးတယ်။ အဆင်ပြေသင့်ရက်သားနဲ့ ကပ်ပြီး အဆင်မပြေဖြစ်တာမျိုးကို 'သုံးစားပါကျဖြစ်တယ်'လို့သုံးတယ်။ ပဆစ်အိမ်မှာပွဲပြီးဖို့ သုံးကွက်အလိုမှာ ကြွေသုံးလုံးလန်ရမယ့်အစား 'ပါ'လို့ခေါ်တဲ့နှစ်လုံးပဲလန်လို့ ပွဲမပြီးဘဲ ကပ်ပြီးဒုက္ခရောက်တာကိုခေါ်တာလေ။ အဲဒီအဓိပ္ပာယ်နဲ့တင်စားပြီး ဒီလုပ်ငန်းမှာ ပြတ်သင့်ရက်သားနဲ့ခုတော့ သုံးစားပါကျဖြစ်သွားပြီဆိုတာမျိုးသုံးတာပေါ့။ လူငယ်ပိုင်းကတော့ ဒီအသုံးကို သိပ်ကြားဖူးမယ်မထင်ဘူး"

"ဟုတ်ပါတယ်ဘဘ။ သမီးတော့မကြားဖူးပါဘူး"

"ဒီလုပ်ငန်းစဖို့ တာစူနေပြီး တာထွက်ကောင်းဖို့လိုတယ်။ ပန်းတိုင်ရောက်အောင် ကြိုးစားရမယ် ဆိုတဲ့စကားတွေက ပြေးပွဲပြိုင်ပွဲက စကားတွေဆိုတာသမီးသိမှာပါ။ ဒါပေမယ့် ဒီစကားတွေကို တခြားကိစ္စတွေမှာ တွင်တွင်ကျယ်ကျယ်သုံးနေတာမို့ ဥပစာအသုံးတွေဖြစ်နေပြီလေ။ အဲဒီလိုပဲ ညီညီညွတ်ညွတ်လုပ်ကြကိုင်ကြတာကို 'တက်ညီလက်ညီဆောင်ရွက်ကြတယ်'လို့သုံးတာ။ 'မြန်မြန်ဆန်ဆန်လုပ်တာကို တက်သုတ်ရိုက်တယ်' လို့သုံးတာတွေဟာ လှေပြိုင်ပွဲကလာတဲ့စကားတွေပဲ။ ခုတော့ 'စီမံကိန်းအောင်မြင်ဖို့ တက်ညီလက်ညီကြိုးစားကြရမယ်'၊ 'လုပ်ငန်းပြီးမြောက်အောင် တက်သုတ်ရိုက်ပြီးလုပ်ရမယ်လို့'သုံးရင် ဆိုလိုတဲ့အဓိပ္ပာယ်ကို အများက အလွယ်တကူနားလည်ကြပါတယ်ကွယ်။ ကဲ. . . . တစ်ထောက် နားကြဦးစို့ သမီးရေ။

## ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မူလွန်ကျောင်းခေတ္တယာယီပိတ်ထား

**မကွေး စက်တင်ဘာ ၆**

မကွေးမြို့နယ် မြင်ကွန်းရဲစခန်းအပိုင် ဧရာဝတီမြစ်၏အလယ်တွင် တည်ရှိသည့် မြေနုကျွန်းကျေးရွာတွင် စက်တင်ဘာ ၃ ရက် နံနက် ၁၁ နာရီက ဧရာဝတီမြစ်ရေတိုးမြင့်လာမှုကြောင့် နီးစပ်ရာကျေးရွာများသို့ အိမ်ခြေ ၈၄ အိမ်၊ လူဦးရေ ၃၀၉ ဦး ပြောင်းရွှေ့သွားရကြောင်း သိရသည်။ အဆိုပါမြစ်ရေ၏ စိုးရိမ်ရေမှတ်မှာ ၁၇၀၀ စင်တီမီတာဖြစ်ပြီး စက်တင်ဘာ ၄ ရက် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်၏ စိုးရိမ်ရေမှတ်မှာ ၁၅၅၈ စင်တီမီတာ ဖြစ်ကြောင်း၊ အဆိုပါ မြစ်ရေတိုးလာမှုမှာ မြေနုကျွန်းကျေးရွာ မူလွန်ကျောင်းဝင်းအတွင်း မြစ်ရေဝင်ရောက်ခဲ့မှုမှာ အနက်တစ်ပေခန့်ရှိပြီး၊ ကျောင်းအဆောက်အအုံကြမ်းပြင်နှင့်ထိရန် လေးပေခွဲခန့်အထိ နီးစပ်လာခဲ့သည်။



**(အပေါ်ပုံ)** ကျောင်းအုပ်ဆရာမကြီး ဒေါ် နွဲ့နွဲ့ဝင်းနှင့် ရပ်မိရပ်ဖများ၊ အထောက်အကူပြု ကော်မတီဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများ၏ မိဘများနှင့်တွေ့ဆုံညှိနှိုင်းပြီး ကျောင်းကို ခေတ္တယာယီပိတ်ထားမည့်ကိစ္စအား မြို့နယ်ပညာရေးမှူးထံ တင်ပြထားရှိခဲ့ရာ စက်တင်ဘာ ၄ ရက်က မကွေးခရိုင် အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းနှင့် မကွေးမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူးတို့ အဆိုပါ မြေနုကျွန်းကျေးရွာသို့ ရောက်ရှိစစ်ဆေးခဲ့ပြီး ကျောင်းကို ခေတ္တယာယီပိတ်ထားရန် စီစဉ်ညွှန်ကြားပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

## မွန်မြတ်စေတနာဆေးခန်းဖွင့်ပွဲကျင်းပ

**ဝါးခယ်မ စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ လှေကျင်းရပ်ကွက်ရှိ လူငယ်များမှ မွန်မြတ်စေတနာကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်ပွဲကို စက်တင်ဘာ ၂ရက်က လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာဓမ္မာရုံ၌ကျင်းပရာ ပရဟိတဂေဟာဆရာတော်နှင့် လှေကျင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန့်ဆွေအောင်နှင့် လူငယ် ၂၀တို့ တက်ရောက်ကြသည်။ အဆိုပါ မွန်မြတ်စေတနာကျန်းမာရေးစောင့်ရှောက်မှု လှေကျင်းရပ်ကွက်အတွင်းမှ ပြည်သူ့ဆေးရုံသို့ တက်ရောက်သော လူနာများအားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀နှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများအား တစ်လလျှင်တစ်ကြိမ် ဒေါက်တာကိုကိုလင်းက အခမဲ့ကုသမှုများပေးသွားမည်ဖြစ်သည်။

ဆေးခန်းရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်ဆေးဝါးများဖြစ်စေ ၊ အလှူငွေများ ဖြစ်စေလှူဒါန်းလိုပါက ဦးမျိုးဝင်းစော(နာယက) ဖုန်း ၀၉-၄၉၂၂၈၂၃၂၊ ဦးမြင့်ထွန်း(နာယက) ဖုန်း ၀၉-၄၉၁၀၀၁၁၂၊ အုပ်ချုပ်ရေးမှူး ဦးသန့်ဆွေအောင် ဖုန်း ၀၉-၄၂၂၄၆၄၂၇၈ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

ရေလွှမ်းမိုးခဲ့သည်။

"မိုးက မနက်အစောပိုင်းမှာ တစိမ့်စိမ့်ရွာသွန်းနေရာကနေ နံနက် ၈ နာရီကျော်လောက်မှာတောင်ကျ ရေတွေ တစ်ရှိန်ထိုးစီးဆင်းလာတာကြောင့် ရုတ်တရက် လူနေအိမ်ခြေတွေ၊ ကားလမ်းတွေပေါ် ရေကျော်သွားပြီး လူနဲ့ယာဉ်တွေပါ ဖြတ်သန်းသွားလာလို့မရအောင် ရေစီးအရှိန်က ပြင်းထန်လှပါတယ်၊ ရေစီးအားပြင်းလွန်းတာကြောင့် ဗိုလ်ချုပ်လမ်းမကြီးပေါ်က နမ့်ယွန်းချောင်းကူးတံတား လက်ရန်းတောင် ရေထဲမျောပါသွားခဲ့ပါတယ်။ ခါတိုင်းလည်း ဩဂုတ်-စက်တင်ဘာလတွေမှာ ရေကြီးလေ့ရှိပေမယ့် အနိမ့်ပိုင်းရပ်ကွက်တွေနဲ့ မိုင်းကိုးတို့ မိုင်းဖုန်းတို့ဘက်မှာပဲ ကြီးလေ့ရှိတာပါ။ အခုကတော့ တစ်မြို့လုံးနေရာလွတ်မရှိအောင်ကို ဖြစ်သွားတာပါ။ ကျွန်တော်တို့ တစ်သက်မှာတော့ အဆိုးရွားဆုံးရေကြီးမှုပါပဲ" ဟု ဝမ်ကောင်းရပ်ကွက်မှ စားသောက်ဆိုင်ပိုင်ရှင် ဦးဟန်ဝင်းက ပြောသည်။

"နံနက် ၈ နာရီကျော်ကျော်မှာ နမ့်ယွန်းချောင်းနဲ့ မယ်ဆိုင်ချောင်း ရေမြင့်တက်လာမှုကြောင့် လူနေအိမ်ခြေတွေ၊ မော်တော်ယာဉ်တွေ ရေနစ်မြုပ်ခဲ့ပါတယ်။ ပုန်းထွန်ရပ်ကွက်နဲ့ ဝမ်ကောင်းကွက်သစ်ဘက်မှာ အဆိုးဆုံးလို့ ပြောနိုင်ပါတယ်။ ကျွန်တော်တို့ တာဝန်ရှိသူတွေအနေနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကိုအချိန်နဲ့ တစ်ပြေးညီဆောင်ရွက်ပေးခဲ့ပါတယ်။ သက်ကြီးရွယ်အိုတွေနဲ့ ကလေးသူငယ်တွေကို ရေဘေးနဲ့ကင်းဝေးရာကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့တွေ ပူးပေါင်းပြီး အဆောတလျင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ရေနဲ့ အစားအသောက်များကိုလည်း ဖြန့်ဖြူးပေးခဲ့ပါတယ်။ နံနက် ၁၀ နာရီကျော်လောက်မှာ နမ့်ယွန်းချောင်းရေ စတင်ကျဆင်းလာခဲ့ပြီး မယ်ဆိုင်ချောင်းရေကတော့ ၁၁ နာရီကျော်လောက်မှ ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် မွန်းလွဲပိုင်းမှာ မယ်ခေါင်ချောင်းရေက တစ်ဖန်တက်လာပါတယ်။ ရေတက်မှုနှုန်းက အနိမ့်ဆုံးလေးပေကနေ အချို့နေရာတွေမှာ ခြောက်ပေကျော်အထိ တက်ခဲ့ပါတယ်"ဟု တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ရှင်းလင်းပြောပြသည်။

ရေကြီးနစ်မြုပ်မှုဖြစ်ပွားရာသို့ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သန္နေ့နှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသည်။

ရေစီးအားပြင်းထန်ပြီး တောင်ကျရေများနှင့်အတူမျောပါလာသည့် သစ်လုံးများ၊ အမှိုက်သရိုက်များ ရိုက်ခတ်မှုဒဏ်ကြောင့် တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့တို့ကို ဆက်သွယ်ထားသည့် အမှတ်(၁)ချစ်ကြည်ရေးတံတားတိုင်များ ထိခိုက်ပျက်စီးနိုင်သည့်အခြေအနေကြောင့် ထိုင်းနိုင်ငံဘက်မှ တာဝန်ရှိသူများနှင့်ညှိနှိုင်းကာ မျောပါလာသည့် သစ်လုံးများ၊ သစ်ပင်များနှင့် အမှိုက်သရိုက်များကို နံနက် ၁၁ နာရီခွဲခန့်မှ မွန်းလွဲ ၂နာရီခွဲခန့်အထိ ချစ်ကြည်ရေးတံတားပေါ်မှ လူနှင့် ယာဉ်သွားလာမှုကို ခေတ္တရပ်ဆိုင်းထားပြီး စက်ယန္တရားများဖြင့် ဖယ်ရှား ရှင်းလင်းဆောင်ရွက်ခဲ့ရသည်။

တောင်ကျရေပြင်းထန်မှုကြောင့် လွယ်တော်ခမ်းကျေးရွာအုပ်စု တာချီလိတ်-မိုင်းဆတ်သွား လမ်းပေါ်မှ ပေ ၃၀ ခန့်ရှိ တံတားတစ်စင်း၊ တာချီလိတ်မြို့ဝင် ဆိုင်းဘုတ်အနီးမှ ပေ ၂၀ ခန့်ရှိ တံတားတစ်စင်းနှင့် အာဒီး-ပါခမ်းလမ်းပေါ်ရှိ ရေပြွန်တံတားတစ်စင်းတို့ ပျက်စီးသွားခဲ့သည်။

ရေလွှမ်းမှုဖြစ်စဉ်ကြောင့် မော်တော်ယာဉ်ရှစ်စီးခန့်၊ မော်တော်ဆိုင်ကယ် ၂၅ စီးခန့်၊ သဲစုပ်စက်သုံးလုံးပျက်စီးပြီး ချောင်းကမ်းပါးအနီးရှိ လူနေအိမ်ခြေအချို့ရေထဲမျောပါပျက်စီးခဲ့ကာ အိမ်ခြေ ၉၀၀ ကျော် ရေနစ်မြုပ်ပြီးအိမ်ထောင်စု ၁၀၇၉ စု၊ လူဦးရေ ၄၁၀၉ဦးရေဘေးဒဏ်သင့်ခဲ့ကာ ကနဦးခန့်မှန်းချက်အရ ငွေကျပ်သိန်းတစ်ထောင်ကျော်ခန့် ဆုံးရှုံးခဲ့ရသည်။ ရေဘေးသင့်သူများအား မြို့နယ်ဓမ္မာရုံ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ဝမ်ကောင်းဓမ္မာရုံတို့အပါအဝင် ကယ်ဆယ်ရေးစခန်းကိုးခု ဖွင့်လှစ်ကာ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **မောင်ယဉ်ကျေး**



တာချီလိတ်မြို့နယ်အတွင်း တစ်နေရာ၌ ရေများစီးဆင်းနေစဉ်။

✻ *ရှေ့ဖုံးမှ*

တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲလျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး၌ ပေ ၁၈၀ အထက်ရှိ တံတားကြီးပေါင်း ၂၆ စင်းကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားလျက်ရှိရာ အဆိုပါတံတားကြီးများမှာ ခတ္တိယတံတား ၊ ဒေးဒရဲတံတား၊ ဆိပ်မချောင်းတံတား၊ နတ်ချောင်းတံတား၊ မြောင်းမြတံတား၊ မအူပင်တံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ လပွတ္တာတံတား၊ (ပင်လယ်လေး) ပန်းတနော်တံတား၊ ဂုံညင်းတံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတား၊ ဒေးဒရဲတံတား၊ ဒါးကတံတား (မြို့တွင်း) ၊ ကျွန်းကုန်းတံတား၊ ရာဇူတိုင်တံတား(၁)၊ ရာဇူတိုင်တံတား(၂) ဧရာဝတီတံတား (ညောင်တုန်း) ပေပင်မြစ်ကူးတံတား၊ သက္ကယ်ချောင်းတံတား၊ ဟိုင်းကြီးကျွန်းတံတားနှင့် တည်ဆောက်ဆဲ ဘိုကလေးမြစ်ကူးတံတားတို့ ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနေသည့် (ကုန်းတွင်း)မြန်အောင်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၊ ရွှေပြည်သာရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၊ မအူပင်သဘာဝဓာတ်ငွေ့မြေ၊ ညောင်တုန်းသဘာဝဓာတ်ငွေ့မြေနှင့် (ကမ်းလွန်) ရတနာသဘာဝဓာတ်ငွေ့မြေ၊ စိန်သဘာဝဓာတ်ငွေ့မြေတို့ ရှိသည်။ ပညာရေးအတွက် ပုသိမ်တက္ကသိုလ်ရှိသလို ကျန်းမာရေးအတွက် ခုတင် ၁၀၀၀ ဆံ့ အထူးကုဆေးရုံကြီးတစ်ရုံ တည်ဆောက်ပေးဦးမည်ဟု သိရပြီး ချောင်းသာနှင့်ငွေဆောင်လို ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများလည်း ရှိသည်။

အဓိက စိုက်ပျိုးသီးနှံများမှာ ဆန်စပါးဖြစ်ပြီး မြန်မာနိုင်ငံတွင် ဂုန်လျှော်အများဆုံးစိုက်သော တိုင်းဒေသကြီးဖြစ်သလို မြေပဲ၊ ငရုတ်၊ ကြက်သွန်နှင့် အုန်းစိုက်ပျိုးကြသည်။ တွင်းထွက်ပစ္စည်းများအဖြစ် ရေနံနှင့်သဘာဝဓာတ်ငွေ့များလည်း ထွက်သည်။

သတင်းသမားကျွန်တော်သည် သတင်းခရီးအဖြစ် ယခင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း အကြိမ်ကြိမ်သွားခဲ့ဖူးသော်လည်း ရေလမ်းခရီးဖြင့် ညကြီးမင်းကြီးသွားခဲ့ရသည်က များသောကြောင့် ခရီးမတွင် ဖြစ်ခဲ့ရသည်။ ယခုတော့ ယခင်လို မဟုတ်တော့ပြီ၊ ခေတ်အဆက်ဆက် မြန်မာပြည်၏စပါးကျီအဖြစ် တည်ရှိနေသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မော်တော်ကားဖြင့်သွား၍ ရစေရန် နိုင်ငံတော်အစိုးရက လမ်းကွန်ရက် ၁၁ လမ်းအပါအဝင် လမ်းမိုင်ပေါင်း ၁၅၀၀ ကျော် ဖောက်လုပ်ပေးခဲ့သည့်အပြင် မြစ်ချောင်းများပေါ်၌ တံတားကြီးငယ်အသွယ်သွယ်ကို တည်ဆောက်ပေးခဲ့သောကြောင့် ဒေသတွင်း ထွက်ကုန်များကို မြန်ပြည်အနှံ့ ဥဒဟိုတင်ပို့နိုင်နေပြီဖြစ်၍ ကုန်စည်စီးဆင်းမှု မြန်ဆန်လာပြီး ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်နေကြပြီဖြစ်သည်။

## ဆံပင်ညှပ်နည်းနှင့်ဆံပင်ဆေးအရောင်ဆိုးနည်း သင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၆**

ဆံပင်ကျွမ်းကျင်ပညာရှင်များအသင်း Hair Professional Association (HPA) က ကြီးမှူး၍ ရန်ကုန်မြို့ Summit Park View Hotel တွင် စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ စင်ကာပူနိုင်ငံ Toin & Guy Academy သင်တန်းကျောင်းက နည်းပြဆရာများဖြစ်သော Mr. Dict Koh နှင့် Mr. Eddie Chong တို့က အခြေခံဆံပင်ညှပ်နည်းသင်တန်းကို ပို့ချခဲ့ပြီး HPA အသင်းမှ နည်းပြဆရာများဖြစ်သော ဒေါ်ကျင်ပို့ (Fancy House) နှင့် ဒေါ်မီမီခိုင် (The Galon) တို့က ယုဇနဟိုတယ်တွင် ဆံပင်ညှပ်နည်းနှင့် ဆံပင်ဆေးအရောင်ဆိုးနည်းသင်တန်းများ ပို့ချခဲ့ရာ အမြို့မြို့အနယ်နယ်ရှိ ဆံပင်အလှပြင်ဆိုင်များမှ စိတ်ဝင်စားသူများနှင့် HPA အသင်းဝင် ၂၀၀ ကျော် တက်ရောက်သင်ကြားခဲ့ကြပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မသင်္ကာသူကို စစ်ဆေးစဉ် ဆိုင်ကယ် ၁၄ စီးဖြင့် ဖမ်းမိ

**ပဲခူး စက်တင်ဘာ ၆**

ပဲခူးမြို့ အမှတ်(၃) နယ်မြေရဲစခန်းအပိုင်တွင် စက်တင်ဘာ ၂ ရက် ညနေ ၆ နာရီက အမှတ်(၃) စခန်းမှူး ရဲအုပ်ဇော်လင်းနှင့်တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း မှုခင်းကျဆင်းရေးနှင့်သတင်းစုံစမ်းနေစဉ် ကြက်ကြီး(ခ) ရဲထွဋ်၊ ကျိုက်စကောရဲဘက်စခန်းမှ ထွက်ပြေးလာသူအား အမှတ် (၂) ရပ်ကွက်၊ နယ်မြေ ၉ ၊ ဦးပုညလမ်းတွင် JLM-110 အနီရောင်ဆိုင်ကယ်ကို စစ်ဆေးခဲ့ရာ ရဲထွဋ်မှာ တစ်စုံတစ်ရာပြောဆိုနိုင်ခြင်းမရှိသလို နေအိမ်အဆောက်အအုံတစ်ခုခုအတွင်းမှခိုးယူလာသည်ဟု သံသယရှိသဖြင့် သက်သေများနှင့်အတူ စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံလုပ်ဆိုင်ကယ်ငါးစီးနှင့် တရုတ်နိုင်ငံလုပ်ဆိုင်ကယ်ကိုးစီးတို့ကို ခိုးယူပြီး ပဲခူးမြို့ပေါ်တွင် ရောင်းချခဲ့ကြောင်းပေါ်ပေါက်၍ သက်သေခံဆိုင်ကယ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(၁၈၃)**

# ပဲခူးမြို့တွင် လေပြင်းတိုက်ခတ်ပြီး နေအိမ်များပြိုကျပျက်စီး



**ပဲခူး စက်တင်ဘာ ၆**

ပဲခူးမြို့ ကလျာဏီရပ်ကွက် သီရိမင်္ဂလာလမ်းတွင် စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်သဖြင့် သီရိမင်္ဂလာလမ်းရှိ လူနေအိမ် ၂၁ လုံးမှ သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး ကျန်အိမ်များမှ အမိုး၊ အကာများ လန်ကျခဲ့သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အထောက်အကူပြု အဖွဲ့ဝင်များ ချက်ချင်းရောက်ရှိခဲ့ပြီး လေဘေးသင့်ပြည်သူများအား အမိုးအကာအတွက် တာပေါ်လင်များနှင့် လူတစ်ဦးလျှင် တစ်ရက်စာ ဆန်နှစ်ဘူး၊ ငါးသေတ္တာ တစ်ဘူးနှုန်း၊ ငါးရက်စာအပြင် ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်များကို လူဦးရေ ၉၈ ဦးအတွက် ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကာလတန်ဖိုး ငွေကျပ် ၁၃ သိန်းကျော်ဖိုးခန့် ဆုံးရှုံးသွားကြောင်း သိရသည်။

**သန့်စင်**

# အိမ်တစ်လုံးအရွယ်ရှိ ဂြိုဟ်သိမ်ဂြိုဟ်မွှား ယနေ့တွင် ကမ္ဘာကိုနီးကပ်စွာဖြတ်သန်းမည်

နိုင်ငံတကာ သိပ္ပံသတင်း

**ကိပ်ကာနေဗာရယ်(ဖလော်ရီဒါ) စက်တင်ဘာ ၆**


မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သော အိမ်တစ်လုံးအရွယ်အစားရှိ ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုသည် တနင်္ဂနွေနေ့တွင် ကမ္ဘာနှင့်အလွန်နီးကပ်စွာ ဖြတ်သန်းသွားမည်ဖြစ်ကြောင်း၊ ကမ္ဘာဂြိုဟ်ကို ပတ်သည့် ဆက်သွယ်ရေးဂြိုဟ်တုများကို မတိုက်မိရုံမျှသာ ဖြတ်ကျော်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များကပြောကြားခဲ့သည်။

2014 RC ခေါ် ယင်းဂြိုဟ်သိမ်ဂြိုဟ်မွှားသည် ယင်း၏အနီးကပ်ဆုံး ချဉ်းကပ်မှုအဖြစ် လနှင့် အကွာအဝေးဆယ်ပုံတစ်ပုံခန့် (သို့) ကမ္ဘာမြေပြင်မှ မိုင် ၂၅၀၀၀ ခန့်အကွာတွင် ပျံသန်းမည်ဖြစ်သော်လည်း အန္တရာယ်ဖြစ်ပေါ်မည်မဟုတ်ပေ။ ဆက်သွယ်ရေးနှင့် ရာသီဥတုဆိုင်ရာ ဂြိုဟ်တုများမှာ ယေဘုယျအားဖြင့် ကမ္ဘာဂြိုဟ်၏ အထက် မိုင် ၂၂၀၀၀ ခန့် အကွာရှိ ဂြိုဟ်ပတ်လမ်းကြောင်းထဲတွင် တည်ရှိသည်။

"ဒီလို အာကာသနဲ့ ဆိုင်တဲ့ အရာဝတ္ထုမျိုးဟာ ကမ္ဘာ(သို့) ဂြိုဟ်တုများအား အန္တရာယ်ဖြစ်ပေါ်စေမည်မဟုတ်သော်လည်း ယင်း၏ နီးကပ်စွာချဉ်းကပ်မှုဟာ သုတေသနပြုသူများအတွက် ဂြိုဟ်သိမ်ဂြိုဟ်မွှားအကြောင်းကို ပိုမိုသိရှိအောင် သင်ယူဖို့ မဟာအခွင့်အရေးတစ်ခုကို ဖန်တီးပေးခြင်းပါပဲ" ဟု နာဆာက အင်္ဂါနေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

အချင်း ပေ ၆၀ ခန့်ရှိသော 2014 RC ဂြိုဟ်သိမ်ဂြိုဟ်မွှားကို ပကတိမျက်လုံးဖြင့် ကြည့်လျှင် သဲကွဲစွာမြင်ရမည်မဟုတ်ကြောင်း၊ ဖြတ်သန်းချိန်မှာ မြန်ဆန်သောကြောင့် သက်တမ်းနုသေးသော နက္ခတ္တဗေဒပညာရှင်များအနေဖြင့် အဝေးကြည့်မှန်ပြောင်း ငယ်လေးများဖြင့် ကြည့်လျှင် ဖျတ်ခနဲလောက်သာ မြင်နိုင်မည်ဖြစ်ကြောင်း နာဆာက ပြောကြားခဲ့သည်။

အဆိုပါ ဂြိုဟ်သိမ်ဂြိုဟ်မွှားသည် ယင်း၏အနီးကပ်ဆုံး ချဉ်းကပ်မှုအဖြစ် တနင်္လာနေ့ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၈ မိနစ် (ကမ္ဘာ့စံတော်ချိန် တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီ ၁၈ မိနစ်) အချိန်တွင် နယူးဇီလန်နိုင်ငံ အထက် ကောင်းကင်ယံကို ဖြတ်သန်းသွားမည် ဖြစ်သည်။ **ဘာသာပြန်-ဂျေတီ**



## ပြည်တွင်းသတင်း



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတ Mr. Didier Burkhalter တို့ ဆွစ်ဇာလန်နိုင်ငံသမ္မတအိမ်တော် Grand Salon ၌ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

❁ ရှေ့ဖုံးမှ

တွေ့ဆုံဆွေးနွေးကြသည်။

ဆက်လက်၍ နှစ်နိုင်ငံဆွေးနွေးပွဲကို Grand Salon ၌ ဆက်လက်ကျင်းပသည်။

ယင်းတို့တွေ့ဆုံဆွေးနွေးကြစဉ် သက်မွေး ပညာသင်ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ငြိမ်းချမ်းရေး တည်ဆောက်မှု၊ လူ့အခွင့်အရေး မြှင့်တင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမျိုးရေး၊ ဘာသာရေးဆိုင်ရာ ပဋိပက္ခများ ကာကွယ်တားဆီးရေး၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများ ဆက်ဆံရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအတွင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးအတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးမှု Foreign Office Consultations (FOC) ယန္တရား ထူထောင်ရေး၊ ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၃-၂၀၁၇ ခုနှစ်အထိ ငါးနှစ်စီမံကိန်းအဖြစ် အမေရိကန်ဒေါ်လာ ၁၆၄ သန်း အကူအညီပေးရေးကိစ္စများကို သဘောတူညီခဲ့ကြသည်။

ထို့ပြင် ဆွစ်ဇာလန်နိုင်ငံတွင် ပုဂံနှင့် ပျူခေတ် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ပြပွဲကျင်းပနိုင်ရေး၊ ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတ Mr. Didier Burkhalter တို့ သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ကြပြီး ဆွစ်ဇာလန်နိုင်ငံသမ္မတနှင့်အတူ ဝန်ကြီးများ၊ ဆွစ်ဇာလန်သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွစ်ဇာလန်နိုင်ငံသမ္မတသည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး နိုဝင်ဘာ ၂ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ လှိုင်မြို့နယ်၌ နိုဝင်ဘာ ၃ ရက်တွင် ဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံရုံးဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲကို Salon Churchill ရှိ ပထမထပ်၌ ကျင်းပပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

ညပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံသမ္မတက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဆွစ်ဇာလန်နိုင်ငံသမ္မတတို့ နှစ်နိုင်ငံပူးတွဲ သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားစဉ်။**
(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦး

**ဘန်း စက်တင်ဘာ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘန်းမြို့ရှိ Payerne Air Base ပိုင်ယန်းလေတပ်စခန်းသို့ သွားရောက်၍ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်စီမံကိန်း တည်ရှိရာ ပိုင်ယန်းလေတပ်စခန်းသို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းခန်းမ၌ နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် တီထွင်ထုတ်လုပ်၍ စတင်ပျံသန်းခဲ့မှုများနှင့်စပ်လျဉ်း၍ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ပြသထားမှုကို ကြည့်ရှုလေ့လာရာ စီမံကိန်းတာဝန်ရှိသူများက လေယာဉ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ရှင်းလင်းပြောကြားပြသသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် နေရောင်ခြည် စွမ်းအင်သုံးလေယာဉ်ပေါ်သို့ တက်ရောက် ကြည့်ရှုလေ့လာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား စီမံကိန်းတာဝန်ရှိသူများက လေယာဉ်နှင့် ပတ်သက်သည့် စာအုပ်ကို လက်ဆောင်အဖြစ် ပေးအပ်ပြီး နိုင်ငံတော်သမ္မတကလည်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်၍ စီမံကိန်း တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် စမ်းသပ်ပျံသန်းမှု ပြုလုပ်မည်ဖြစ်ပြီး ထိုခရီးစဉ်အတွင်း ၂၀၁၅ ခုနှစ် မတ်လတွင် မန္တလေးမြို့သို့ ခရီးတစ်ထောက်ဆင်းသက်ရပ်နားမည်ဖြစ်ကြောင်း သိရှိရသည်။



ပိုင်ယန်း
Vaud ပြည်န
Payerne မြို့
တည်ရှိသည့်
ဆွစ်ဇာလန်နိုင်
နှင့် Vaud
Lausanne တ
သည့် မော်တေ
ခုလတ် အပိုင်း
မျက်နှာပြင်အ
အထက်တွင်
ပိုင်ယန်း
လေကြောင်း စ
ဌာနအဖြစ်
ယာဉ်နှင့်
စမ်းသပ်ခြင်း၊
ပြုလုပ်သည့်
ကောင်း
အမျိုးမျိုး
နေရာအဖြစ်လ
ရွက်ကြောင်း
ထိုမှတစ်
သမ္မတနှင့်အဖွဲ့
ရှိ Nestle စက်



ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်နှင့် Nestle စက်ရုံတို့ကို ကြည့်ရှုလေ့လာ

**ဘန်း စက်တင်ဘာ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘန်းမြို့ရှိ Payerne Air Base ပိုင်ယန်းလေတပ်စခန်းသို့ သွားရောက်၍ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်စီမံကိန်းတည်ရှိရာ ပိုင်ယန်းလေတပ်စခန်းသို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းခန်းမ၌ နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်တီထွင်ထုတ်လုပ်၍ စတင်ပျံသန်းခဲ့မှုများနှင့်စပ်လျဉ်း၍ မှတ်တမ်းဗီဒီယိုကို ပြသသည်။



ယင်းနောက် နိုင်ငံတော်သမ္မတသည် နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ပြသထားမှုကို ကြည့်ရှုလေ့လာရာ စီမံကိန်းတာဝန်ရှိသူများက လေယာဉ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ရှင်းလင်းပြောကြားပြသသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် နေရောင်ခြည် စွမ်းအင်သုံးလေယာဉ်ပေါ်သို့ တက်ရောက် ကြည့်ရှုလေ့လာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား စီမံကိန်းတာဝန်ရှိသူများက လေယာဉ်နှင့် ပတ်သက်သည့် စာအုပ်ကို လက်ဆောင်အဖြစ် ပေးအပ်ပြီး နိုင်ငံတော်သမ္မတကလည်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်၍ စီမံကိန်း တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်ကို ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် စမ်းသပ်ပျံသန်းမှု ပြုလုပ်မည်ဖြစ်ပြီး ထိုခရီးစဉ်အတွင်း ၂၀၁၅ ခုနှစ် မတ်လတွင် မန္တလေးမြို့သို့ ခရီးတစ်ထောက် ဆင်းသက်ရပ်နားမည်ဖြစ်ကြောင်း သိရှိရသည်။

ပိုင်ယန်း လေတပ်စခန်းသည် Vaud ပြည်နယ် Payerne ခရိုင် Payerne မြို့၏ မြောက်ဘက်တွင် တည်ရှိသည့် စခန်းတစ်ခုဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ မြို့တော်ဘန်းမြို့နှင့် Vaud ပြည်နယ် မြို့တော် Lausanne တို့ကို ချိတ်ဆက်ထားသည့် မော်တော်ကားလမ်း၏ လမ်းခုလတ် အပိုင်းတွင်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၄၆၀ အထက်တွင် တည်ရှိသည်။

ပိုင်ယန်း လေတပ်စခန်းတွင် လေကြောင်း စစ်ပညာသင်ကြားသည့် ဌာနအဖြစ် လည်းကောင်း၊ လေယာဉ်နှင့် ဆက်စပ်ပစ္စည်းများ စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်းများ ပြုလုပ်သည့်နေရာအဖြစ် လည်းကောင်း လေယာဉ်အမျိုးအစားအမျိုးမျိုး စမ်းသပ်ပျံသန်းရာ နေရာအဖြစ်လည်းကောင်း ဆောင်ရွက်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Konolfingen ရှိ Nestle စက်ရုံသို့ ရောက်ရှိကြရာ Executive Vice-President and Zone Director for Asia, Oceania, Africa and Middle East Mr. Nandu Nandkishore က ကြိုဆိုပြီး စက်ရုံမှ တာဝန်ရှိသူများအား မိတ်ဆက်ပေးသည်။



### ကြိုဆို

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံရာ Mr. Nandu Nandkishore က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် ရှင်းလင်းခန်းမတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား NHW journey and the Micronuutrient impact studies နှင့်ပတ်သက်၍လည်းကောင်း၊ Fresh Milk Sourcing နှင့်ပတ်သက်၍လည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

**ကြည့်ရှုလေ့လာ**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့ရှိ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်စီမံကိန်းတည်ရှိရာ ပိုင်ယန်းလေတပ်စခန်း၌ ကြည့်ရှုလေ့လာရာ စီမံကိန်းတာဝန်ရှိသူများက လေယာဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ဆွစ်ဇာလန်နိုင်ငံ Konolfingen ရှိ Nestle စက်ရုံမှ တာဝန်ရှိသူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)



**ဆွစ်ဇာလန်နိုင်ငံ ပိုင်ယန်းလေတပ်စခန်းရှိ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ကို တွေ့ရစဉ်။** (သတင်းစဉ်)

## Animation Contest for ASEAN 2014 ပြိုင်ပွဲ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်များ ဆုများရရှိ

**နေပြည်တော် စက်တင်ဘာ ၆**

အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN)က ဦးဆောင်ကျင်းပသော Animation Contest for ASEAN 2014 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ Animation ကျွမ်းကျင်ပညာရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် ထူးချွန်သူငါးဦးကို အကဲဖြတ်ကော်မတီဖြင့် ရွေးချယ်၍ ဆက်လက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲဝင်ငါးဦးသည် ပြိုင်ပွဲအဆင့်ဆင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ကြပြီး မူပိုင်ခွင့်ဆိုင်ရာ အသိပညာများကို ပေးနိုင်သည့် တစ်မိနစ်စာ Animation လက်ရာများဖြင့် နောက်ဆုံးအဆင့်ယှဉ်ပြိုင်မှုတွင် ကိုလင်းထက်မော် (Epic Digital Media) မှ ပထမဆု၊ ကိုအောင်ရဲကျော် (Neutron Animation Group) မှ ဒုတိယဆုနှင့် ကိုရဲဝင်း (Freelance Animator) မှ တတိယဆုတို့ အသီးသီး ဆွတ်ခူးရရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့က နှစ်သိမ့်ဆုများ ရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# မေ့မပါနိုင်

မောင်ချမ်းမြေ့အောင်

အသုံးလုံးဆိုတာဘာလဲ။ ဒီစကားကို စာဖတ်သူတိုင်းသိကြမှာပါ။ သို့ပေမယ့် အသုံးလုံးရဲ့ ပင်မအဓိပ္ပာယ်ကို လူတိုင်းမသိနိုင်ဘူး။ အဓိကဆိုလိုသည်မှာ အရေး၊ အဖတ်၊ အတွက်ပညာပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဤလူ့ဘုံတွင် ပညာဟူသောအရာသည် ကိုင်တွယ်စမ်းသပ်၍ မရ။ မျက်စိနှင့်ကြည့်၍လည်း မမြင်နိုင်။ သို့သော် ထိုအရာသည် ဤလူ့ဘဝ၌ ဆန်းကြယ်လှပေသည်။ တန်ခိုးအာနုဘော်နှင့်ပြည့်စုံသည်။ ဘဝ၏အလင်းရောင်လည်းဖြစ်သည်။ ယင်းအလင်းရောင်မရှိလျှင် ထိုသူ၏ဘဝသည် တန်ဖိုးမရှိတော့ပေ။ ထို့ကြောင့် လူသားတိုင်း စာတတ်မြောက်ရန် အထူးလိုအပ်လှပေသည်။

နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ လမ်းညွှန်မှုဖြင့် ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ၁-၄-၂၀၁၄ ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ တောင်ငူတက္ကသိုလ်တွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု၌ လုပ်အားပေးရန် လျှောက်လွှာများတင်ရမည်ဟု ကြားသိလိုက်သောအခါ ကျေးလက်နေပြည်သူများအတွက် လုပ်အားဒါနပြုရန် ကျွန်တော်ဆုံးဖြတ်ခဲ့သည်။ ကျေးလက်ရှိ တောသူတောင်သားများအနေဖြင့် အခြေခံစာမတတ်မြောက်လျှင် အခက်အခဲများစွာကြုံတွေ့ရမည်ကို ကျွန်တော်ကိုယ်ချင်းစာမိပါသည်။ ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်တွင် လူတန်းစားမရွေး စာတတ်မြောက်ရန် လိုအပ်လာသည့်အတွက် လုပ်အားပေးရန် ဆန္ဒဖြစ်ပေါ်ခဲ့ပါသည်။ တောင်ငူတက္ကသိုလ်မှ လုပ်အားပေးကျောင်းသားကျောင်းသူများနှင့် အုပ်ထိန်းသူဆရာ ဆရာမများသည် ၃၁-၃-၂၀၁၄ ရက်နေ့ နံနက် ၁၀ နာရီခွဲခန့်တွင် စတင်ထွက်ခွာခဲ့သည်။ ကားသည် တရွေ့ရွေ့ဖြင့် ထွက်ခွာနေပါသည်။ လမ်းတစ်လျှောက်လုံးတွင် ကျွန်း၊ ကုက္ကိုထန်း၊ တမာတို့သည် ပင်ချင်းဝေလျက်ရှိသည်။ ကျွန်တော်တို့အားလုံး ပျော်ရွှင်နေကြသည်။ မမြင်ရသေးသော စာသင်သားတို့အပေါ်တွင် စေတနာ၊ မေတ္တာတို့သည် အတိုင်းအဆမရှိ ယိုစီးကျနေသည်။ ကျွန်တော်တို့သူငယ်ချင်းများသည် တစ်ယောက်တစ်ရွာ၊ နှစ်ယောက်တစ်ရွာဖြင့် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုသူတို့အားလုံးသည် တောနေလူတန်းစားများကို ချစ်ကြခင်ကြသည့် စေတနာရှင်များဖြစ်ကြသည်။ ရေတာရှည်မြို့သို့ရောက်သောအခါ သက်ဆိုင်ရာကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများဆင်း၍ နေခဲ့ကြပေသည်။ ဒုတိယပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာဒေါ်စမ်းစမ်းမာသည်လည်း မိမိကျောင်းသားကျောင်းသူများကို ခရီးဆုံးသည်အထိ မောပန်းကင်းကွာပီတိအဖြာဖြာဖြင့် လိုက်လံပို့ဆောင် လမ်းညွှန်ဆုံးမနေပေသည်။ ထို့နောက် ယင်းမြို့မှ ထွက်ခွာလာပြီး ဆွာမြို့ အထက်တန်းကျောင်းတွင် ကျွန်တော်တို့ဆင်းကြရသည်။ ကျန်သောသူငယ်ချင်းများသည် သက်ဆိုင်ရာမြို့များသို့ ဆက်လက်ထွက်ခွာသွားပေတော့၏။ ကျွန်တော်ကူညီသင်ကြားပေးရမည့် ရွာငယ်လေးမှ တာဝန်ကျပုဂ္ဂိုလ်များသည် ကျွန်တော့်အား လာရောက်ဆီးကြိုကြပေသည်။

ကျွန်တော်တာဝန်ကျသော ရွာငယ်လေးသည် ဆွာမြို့အရှေ့ဘက်ရှိ အိုးမြေတူးရွာငယ်လေးပင်ဖြစ်ပြီး အိမ်ခြေ ၆၅ အိမ်ခန့်သာရှိသည်။ ကျွန်တော်ရောက်ရှိလာသောအခါ ရွာသူ ရွာသားများသည် သောင်းသောင်းဖြဖြ ဝမ်းသာအားရဖြင့် ကြိုဆိုကြသည်။ ထိုရွာကလေးသည် ငယ်သည်မှာမှန်သော်လည်း ရွာသူရွာသားတို့၏ စေတနာ၊ မေတ္တာသည် အထူးပင်ကြီးမားလှပေသည်။ ၎င်းတို့သည် တောင်ယာလယ်လုပ်ခြင်းများဖြင့်အသက်မွေးဝမ်းကျောင်းပြုကြသည်။ ကျွန်တော်တည်းခိုသောအိမ်သည် ဦးတင်ရွှေ၊ ဒေါ်စန်းကြည်တို့၏ နေအိမ်ဖြစ်ပြီး ရွာမျက်နှာဖုံးများပင်ဖြစ်ကြသည်။ အင်မတန် သဘောမနော ကောင်းသော သူများပင်ဖြစ်ကြပေသည်။ စားရေး သောက်ရေး နေရေး၊ ထိုင်ရေးမှစ၍ အစစအရာရာ အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးကြပါသည်။ စားသောက်ရသည်မှာလည်း တစ်ရက်လျှင် တစ်အိမ်ကျ ဖိတ်ခေါ် ကျွေးမွေးကြသည်။ ဆင်းရဲလှသော်လည်း အကောင်းဆုံးဖြစ်အောင် စေတနာဗလပွဖြင့် ချက်ကျွေးသော ထမင်းဟင်းတို့သည် အထူးပင်ကောင်းမွန်လှပေ၏။ အသားဟင်း ၊ ငါးဟင်း မဟုတ်သော်လည်း စေတနာထက်သန်သောကြောင့် ဟိုတယ်စာများလိုက်မီနိုင်မည်မထင်ပေ။

ဤသို့. . . ဤသို့ဖြင့် ၁-၄-၂၀၁၄ ရက်နေ့တွင် စာသင်ခန်းအတွင်းသို့ ကျွန်တော် စတင်ရောက်ရှိပါတော့သည်။ စာသင်ခန်းသည် မြို့ကျောင်းများကဲ့သို့ မကြီးကျယ် မခမ်းနားသော်လည်း သူ့ဓလေ့ သူ့စရိုက်ဖြင့် တစ်မျိုးတစ်ဖုံ ချစ်စရာကောင်းလှသည်။ လေးပင်သုံးပင်အုတ်တက် သွပ်မိုးစာသင်ခန်းဖြစ်သော်လည်း အောက်အခင်းမှာ မြေသားပင်ဖြစ်ပေသည်။ ထို့ပြင် စာသင်ကြားမှုအထောက်အကူအဖြစ် ကျောင်းအုပ်ဆရာကြီး ဦးသောင်းဝင်းက ဆရာမလေး ဒေါ်ဝေဝေဌေးအား ကူညီဆောင်ရွက်စေခဲ့ပါသည်။ ကျွန်တော် စာသင်ခန်းအတွင်းသို့ ရောက်ရှိချိန်တွင် ဆရာမလေးနှင့် စာသင်ကြားမည့် လေးလေး၊ ဒေါ်ဒေါ် သုံးယောက်ခန့်သာရှိသေးသည်။ ကျွန်တော်စောင့်နေလိုက်၏။ အချိန်သည်လည်းစောသေးသည်။ ဒီလိုဖြင့် ၁ နာရီလည်းမလာ။ ၂ နာရီလည်းမလာ၊ ကျွန်တော်သင်မည့်အချိန်က ၁၂ နာရီ၊ ကျွန်တော်လည်း မနေသာတော့ဘဲ လိုက်လံခေါ်ယူရပေတော့သည်။ ၎င်းတို့သည် အသက်ကြီးမှ စာအံရမည်ကို တွေးကြောက်နေဟန်တူပါသည်။ မှန်ပါသည်၊ ကျွန်တော် လိုက်ခေါ်သောအခါ ပုန်းသူကပုန်း ပြေးသူကပြေးဖြင့် စိန်ပြေးတမ်းကစားနေဟန်နှင့်တူပါသည်။ ထိုအခါမှ ကျွန်တော်လည်း စာတတ်မြောက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အာပူအောင်ပြောရင်း တစ်အိမ်ဆင်းတစ်အိမ်တက်ဖြင့် လိုက်လံစည်းရုံးရပါသည်။ သို့မှသာ စာသင်ခန်းအတွင်းသို့ စာသင်ကြားမည့် ပုဂ္ဂိုလ်များ တစ်စစနှင့် ရောက်ရှိလာပါတော့သည်။ အချို့ကလေးမိခင်များသည် ကလေးများပါလာသဖြင့် အားနာနေဟန်တူပါသည်။ ကျွန်တော်တို့ စာသင်ခန်းလေးသည် အလွန်ကိုစည်ကားလှပါသည်။ နို့စို့ကလေးမှစ၍ ၇၃ နှစ်အထိ အရွယ်စုံပါသည်။ အသံသာပါသည်။ နားဝင်ချိုလှပါသည်။ ၎င်းတို့မသိခဲ့သောစာများကို ရယ်စရာ ပုံတိုပတ်စများဖြင့် စေတနာပါပါ သင်ကြားပြသပေးသောအခါ ရှက်နေသောသူတို့၏မျက်နှာကလေးများသည်ပြုံးလာပါသည်။ ပျော်ရွှင်လာကြသည်။ စာသင်ချင်လာသည်။ စာတတ်ချင်လာသည်။ ကျွန်တော်တို့သည် သင်ရိုးညွှန်းတမ်းအတိုင်းသာမဟုတ် ၎င်းတို့နှင့် လိုက်လျောညီထွေဖြစ်သော ဝေါဟာရစကားလုံးများကိုလည်း အလျဉ်းသင့်သလို သင်ကြားပေးရုံသာမက တောသူတောင်သားများအတွက် သိပ္ပံနည်းကျ စပါးစိုက်နည်း၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာဖော်စပ်နည်းတို့ကိုပါ လက်တွေ့ကျကျ သင်ကြားပေးခဲ့ပါသည်။ နေ့ခင်းအချိန်အခါတွင် ပျင်းရိခြင်းမဖြစ်ရလေအောင် ဗဟုသုတဖြစ်ဖွယ် ဇာတ်တော်များ၊ ကျန်းမာရေးပညာပေးများကိုလည်း ပြောပြနားထောင်စေခဲ့သောကြောင့် နောက်နေ့တွင် ကျွန်တော်၏စာသင်ခန်းသည် ကျွန်တော်မရောက်မီ လူပြည့်၍ပင်နေပေတော့သည်။

ဆရာလေးဟုခေါ်လိုက်သော အသံသည် ကျွန်တော်၏ နှလုံးသားအတွင်းပိုင်းအထိ နက်နက်ရှိုင်းရှိုင်းဝင်ရောက်သွားခဲ့ရုံသာမက ကြက်သီးများပင်ထစေတော့သည်။ ကျွန်တော်၏စာသင်ခန်းတွင် ၁၀ ယောက်ပင်ဖြစ်သော်လည်း လက်တွေ့တွင် ၂၃ ယောက်ခန့်ဖြစ်လာခဲ့သည်။ ကျွန်တော်၏သင်ကြားမှုကြောင့် ၎င်းတို့ ရေးတတ် ဖတ်တတ်လာသောအခါ သူတို့ကိုယ်သူတို့ ယုံကြည်လာရုံသာမက ကျွန်တော့်ကိုလည်း ပြောမပြတတ်အောင် ကျေးဇူးတင်နေသော တောသူတောင်သားများ၏ အကြည့်ကို ကျွန်တော်ကောင်းစွာသဘောပေါက်ပါသည်။ ကျွန်တော်ကိုယ်တိုင်သည်လည်း ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်ခဲ့မိပါသည်။ **တပည့်မရှား တစ်ပြားမရှိ ပီတိကိုစားအားရှိ** ဟူသော ဆရာတို့၏ ဆောင်ပုဒ်ကလေးကို ကောင်းစွာသဘောပေါက်လာပါသည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကြီးသည် ၎င်းတို့အတွက် စာပေတတ်မြောက်ခဲ့စေရုံသာမက ကျွန်တော်တို့ကိုလည်း အထွေထွေဗဟုသုတများ၊ အတွေ့အကြုံသစ်များ တိုးပွားလာကာ မိမိကိုယ်မိမိ ယုံကြည်မှုရှိလာစေပါသည်။ ကျွန်တော်၏ စာသင်ဝိုင်းတွင် အသက်အားဖြင့် ၅၀ ကျော်ဇနီးမောင်နှံနှစ်ယောက် ရှိပါသည်။ ထိုသူတို့သည် အလွန်ပျော်တတ်ပြီး နေ့စဉ်မပြတ် စာသင်ကြားကြသောသူများပင်ဖြစ်ပေသည်။ ၎င်းတို့သည် စာပေမတတ်မြောက်ခဲ့သောကြောင့် လူအများ၏ လိမ်လည်ခြင်းကို အများဆုံးခံခဲ့ရသည်။ ဘဝပျက်လောက်သည်အထိ ဖြစ်ခဲ့ရသည်။ ကျွန်တော့်ကြောင့် စာတတ်မြောက်လာသောအခါ ပြုံးလာသော ၎င်းတို့၏ မျက်ဝန်းများထဲတွင် မျက်ရည်ဥများပင် တွဲလွဲခိုနေတော့သည်။ ထိုသူတို့က တုံ့ပြန်လာသောစကားများသည် အဆီအငေါ်မတည့်လှသော်လည်း ကျေးဇူးတင်လွန်းသောကြောင့် အသံများပင်တုန်ခါနေပေ၏။ ပညာတတ်လာသောကြောင့် ၎င်းတို့၏ဘဝသည် ကောင်းကျိုးအထွေထွေနှင့် ပြည့်စုံလာတော့မည်မှာ သေချာပါသည်။

ကျွန်တော်သည် စာသင်ချိန်မရောက်မီ အားလပ်သောအချိန်များတွင် ၎င်းတို့နှင့် ရင်းနှီးကျွမ်းဝင်စွာ ထိုသူတို့၏ အလုပ်များအား ကူညီဆောင်ရွက်ပေးခြင်းဖြင့် အတတ်ပညာများ ပြန်လည်ရရှိခဲ့သည်။ ကျေးလက်နေတောသူတောင်သားများသည် ရိုးသားကြသည်။ ပွင့်လင်းကြသည်။ ပျောက်ဆုံးလုနီးပါး မြို့တွင်တွေ့ခဲသော၊ စစ်မှန်သော လူမှုဝန်ထမ်းစိတ်၊ ရင်းနှီးဖော်ရွေစွာ ကူညီတတ်သောစိတ်များ အပြည့်အဝရှိကြသည်။ ကျွန်တော်သည် လယ်ကူထွန်၊ နွားကူကျောင်း၊ ထင်းကူခွေရင်းဖြင့် စာသင်သားတို့ကို ပညာသင်ပေးရင်း သံယောဇဉ်အမျှင်တန်းသည် တစ်အူထုံ့ဆင်း မောင်နှမသားအမိပမာ တစ်စစဖြင့် ရစ်ပတ်လာခဲ့သည်။ ထိုအထဲတွင် ဒေါ်ခင်ရွှေ၊ ဒေါ်ခင်မြတို့ ညီအစ်မသည် ပို၍ပို၍ သံယောဇဉ်ဖြစ်စရာကောင်းလာခဲ့သည်။ ထိုသူတို့သည် ကျွန်တော်၏ အမေနှင့်ပင် တူပေတော့သည်။ အစစအရာရာ ၎င်းတို့၏ သားအရင်းပမာ ကူညီစောင့်ရှောက်ဖေးမရုံသာမက အချိန်နှင့်အမျှ ဆုံးမဩဝါဒပေးခဲ့သည်။ ထိုသူတို့အား မိခင်ရင်းပမာ သံယောဇဉ်ဖြစ်မိ၏။ အစဉ်ထာဝရကန်တော့ပါ၏။

အချိန်ကာလတို့သည် တစ်ရွေ့ရွေ့ဖြင့် ကုန်ဆုံးလာသည်။ ကျွန်တော်တို့၏ မေတ္တာအသိုက်အမြုံလေးကို အချိန်တည်းဟူသော ဓားကပိုင်းဖြတ်လိုက်လေ၏။ ပြန်ရပေဦးမည်။ ကျွန်တော်ပြန်မည်ဟု သိကြသောအခါ စာသင်သားတို့၏ မျက်ဝန်းအိမ်တွင် ပုလဲငွေဥများသည် မသိမသာခိုအောင်းလာလေသည်။ ကျွန်တော်၏ရင်ထဲတွင်လည်း အပူပင်လယ်ရေလှိုင်းဘောင်ဘင်ဝေခဲ့သည်။ ထို့နောက် ၎င်းတို့မှ စေတနာသန့်သန့်ဖြင့် ပေးပို့လာသော လက်ဆောင်ပစ္စည်းများသည် ငွေကြေးအရ တန်ဖိုးမရှိလှသော်လည်း မေတ္တာသဘောအရ အနန္တပါပေ။ နှုတ်ဆက်လာသော ထိုသူတို့၏အသံသည် ဆို့နင့်နေသည်။ တုန်ခါနေသည်။ ကျွန်တော်သည် ယောကျ်ားသားပင်ဖြစ်သော်လည်း ကျွန်တော်၏ ရင်အစုံတို့သည် နိမ့်ချည်မြင့်ချည်ဖြစ်ခဲ့ရုံသာမက ရင်တွင်းသည်းပွတ်တို့သည် ပြောင်းပြန်လန်လုမတတ် ခံစားရပေသည်။ ၎င်းတို့ရွာကလေးအား အချိန်မရွေးလာရောက်ရန် အတန်တန်မှာကြားနေပေသည်။ အင်မတန်ကြေကွဲ ဝမ်းနည်းဖွယ်ကောင်းသော အချိန်ကာလတစ်ခုဖြစ်ခဲ့သည်။

ကျွန်တော်လည်း ထိုသူတို့အားကျောခိုင်း၍ ပိတ်ပွဲအခမ်းအနားသို့ စိတ်လက်မပါ မကျန်းမာစွာဖြင့် ထွက်လာခဲ့သည်။ ပိတ်ပွဲတွင် ဝန်ကြီးမှပြောသောစကားများသည်လည်း ကျွန်တော်၏ နားထဲသို့မဝင်၊ ရွာကိုသာအစဉ်သတိရနေပေ၏။ ထို့နောက် ကျွန်တော်တို့အား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးကာ မိမိ၏ ဇာတိမြေဖြစ်သော တောင်ငူမြို့သို့ ပြန်လည်ထွက်ခွာလာခဲ့သည်။ အလာလမ်းတွင် ပျော်ရွှင်ခဲ့သလောက် အပြန်လမ်းသည် ခြောက်သွေ့လှသည်။ ကျွန်တော်တို့ သူငယ်ချင်းများသည်လည်း ထိုသို့ခံစားနေဟန်တူပါသည်။ တရွေ့ရွေ့ဖြင့် ပြန်လည်ထွက်ခွာနေချေပြီ။ ကျွန်တော်၏ နှလုံးသားသည်လည်း စတင်အရည်ပျော်လေပြီ။ ကျောက်စိုင်ကျောက်သားကဲ့သို့မာကျောပြီး သံကွန်ချာခုနစ်ထပ်ဖြင့် တံတိုင်းအထပ်ထပ်ကာရံထားသော်လည်း ထိုရွာကလေးတွင် တစ်စုံတစ်ဦးကြောင့် အရည်ပျော်ကျခဲ့ရသည်။

ထို့ကြောင့် အသုံးလုံး အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကြီးသည် ကျွန်တော်၏ဘဝတွင် တစ်သက်မမေ့ဖွယ်ရာ အမြဲဆွေးစရာဖြစ်ခဲ့ရသေးသည်။ သို့သော် တိုင်းပြည်အတွက် ကျေးလက်နေပြည်သူတို့အတွက် တတ်နိုင်သည့်ဘက်မှ အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သောကြောင့် ဂုဏ်ယူစရာ၊ ကျေနပ်စရာ၊ ဝမ်းမြောက်စရာကောင်းလှသည်။ ယခုအချိန်တွင် အသုံးလုံးအခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကြီးကို ပါဝင်ဆောင်ရွက်ရမည်ဆိုလျှင် လျင်စွာမနှေးပြေး၍ပင် သင်ချင်ပါသေးသည်။ ။




## စာမတတ်သူ တို့ဝိုင်းကူ

(တေးထပ်)

❖ ကိုလိုနီ အမွေဆိုး
အမိုက်မျိုး ဇကန်
ရိုက်ချိုးခဲ့ အဖန်ဖန်
သော့အမြန် လျှောက်လှမ်း။

❖ စာတတ်မြောက်မှု စဉ်အလာ
လူထုပညာ ချမှတ်ပြဋ္ဌာန်း။

❖ အသုံးလုံး ဗဟိုကော်မတီ
လျော်အညီ ဖြတ်သန်း။

❖ ကျေးလက်ဆီ သာစခန်းသို့
အရောက်လှမ်း တက္ကသိုလ်ကောလိပ်နှင့်သိပ္ပံ။

❖ အမျိုးသားရေး လှုပ်ရှားမှုမို့
ကျောင်းသားထု လွှမ်းဘဝင်ညံ။

❖ လျှမ်းထက်လို့ ခွဲစိတ်သန်သည်
မြဲထိပ်ပန် ရပ်ရွာအကျိုးနဲ့
မြတ်သဒ္ဓါတိုး ပွင့်သစ်ပေးလှူ
ဖွင့်လှစ်အေးတူ။

❖ စာမတတ်သူ တို့ဝိုင်းကူပြီ
မြန်တိုင်းတူညီ ဖွံ့ဖြိုးပြီကွဲ့လေး။ ။

ဝင်းမြအေး

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြုလုပ်

ပြင်ဦးလွင် စက်တင်ဘာ ၆

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၅၀)မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)မှ ကျောင်းအုပ်ကြီး ရဲမှူးကြီး မိုးမောင်သန်း ဦးစီး တပ်ဖွဲ့ဝင် ၁၅၀၊ ဒုရဲအုပ်လောင်း သင်တန်းသား/သင်တန်းသူ ၆၁၄ ဦး တို့သည် ဇီးပင်ကြီး တိုက်နယ်ဆေးရုံဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စက်တင်ဘာ ၆ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**



## လွယ်ဂျယ်မြို့၌ အီဘိုလာရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်

လွယ်ဂျယ် စက်တင်ဘာ ၆

Ebola Virus Disease သည် ထိန်းချုပ်ရန် ခက်ခဲပြီး သေဆုံးမှုနှုန်း မြင့်မားလာသဖြင့် နိုင်ငံတကာအနေဖြင့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နှိုးဆော်လျက်ရှိသည်။ တရုတ်ပြည်နယ်စပ်ဖြစ်သော လွယ်ဂျယ်မြို့တွင် ကူးစက်မြန် ရောဂါများ (H7 N9 MERS. COV& Ebola Virus Disease) စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းနှင့် သံသယလူနာများ ရှိ/ မရှိကို နယ်စပ်ဝင်ပေါက်တွင် ဖြတ်သန်းသွားလာသူအားလုံးအား စစ်ဆေးလျက်ရှိသည်။

လွယ်ဂျယ်မြို့ အမှတ် (၁) ဝင်/ထွက် ဂိတ်တွင် လွယ်ဂျယ်ဆေးရုံမှ ဒေါက်တာသန်းနှင်းအေးနှင့် သူနာပြုဆရာမများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး၊ မကဖ (၄) လွယ်ဂျယ် နယ်မြေခံရဲစခန်းမှ တာဝန်ရှိသူများက စောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိပြီး ဩဂုတ် ၂၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ပြည်ပနိုင်ငံသားအပါအဝင် မြန်မာနိုင်ငံသား အမျိုးသား/အမျိုးသမီး တစ်ရက်လျှင် ၃၀၀ ခန့် ဝင်ရောက်ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။ **ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသမှတစ်ဆင့် ဖားကန့်မြို့နယ်သို့ အချိန်တိုအတွင်းသွားလာနိုင်တော့မည်



**မိုးညှင်း စက်တင်ဘာ ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့မှ တစ်ဆင့် ခရိုင်နှင့် မြို့ချင်းဆက်လမ်းများ၊ မြို့နယ်ကျေးရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်းတို့သည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးခင်မောင်ထွေး၊ မြို့နယ်အင်ဂျင်နီယာ ဦးအေးလွင်တို့နှင့်အတူ မိုးညှင်း-ဘီလူး-အုန်းစံဆိုင်-နန့်မွန်း (အင်းတော်ကြီးဒေသ) ကားလမ်း ဖောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

"အခု မြေသားလမ်းကို ဒီနှစ်ကုန်အပြီး ဆောင်ရွက်နေပါတယ်။ ကျန်တဲ့မြေသားလုပ်ငန်းနဲ့ ကျောက်ချောလမ်း လုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်သွားမယ်" ဟု မိုးညှင်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးအေးလွင်က ပြောကြားသည်။

ယခု မိုးညှင်းမြို့နယ် ဘီလူး-အုန်းစံဆိုင်-နန့်မွန်း ကားလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၇၈ ဒသမ ၅ သန်းဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက စက်ယန္တရားနှစ်စီးဖြင့် တာဝန်ယူ ဖောက်လုပ်လျက်ရှိပြီး အဆိုပါ လမ်းပေါ်တွင် တံတားရှစ်စင်းကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"အရင်က မိုးညှင်း-အင်းတော်ကြီးကို ဟိုပင်မှတစ်ဆင့် နှစ်နာရီကျော်ခန့် သွားရတယ်၊ အခုဒီလမ်းပေါက်ပြီဆိုရင် မိုင်နှစ်ဆယ်ခန့် သက်သာပြီး နာရီဝက်နဲ့ ရောက်နိုင်တယ်၊ တစ်ဆက်တည်း အင်းတော်ကြီးမှတစ်ဆင့် ဖားကန့်ကိုလည်း အချိန်တိုအတွင်း သွားလာနိုင်မယ်" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေသောင်းက ပြောကြားသည်။

အဆိုပါ မိုးညှင်းမြို့နယ် ဘီလူး-အုန်းစံဆိုင်-နန့်မွန်း ကားလမ်း ဖောက်လုပ်ပြီးစီးသွားပါက ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်တော့မည် ဖြစ်သဖြင့် ဒေသခံပြည်သူများက ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

# ညောင်ဦးမြို့နယ် ဆယ်လံကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား အိမ်ထောင်စုတစ်စုလျှင် ပစ္စည်းလေးမျိုး ထောက်ပံ့ပေးအပ်

**ညောင်ဦး စက်တင်ဘာ ၆**

ညောင်ဦးတွင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဘေးအန္တရာယ်ကြုံတွေ့နိုင်သည့် မြစ်လယ်ကျွန်းတွင် နေထိုင်သော ဆယ်လံကျေးရွာရှိ ပြည်သူများအား ရေဘေးအန္တရာယ် ကြုံတင်ကာကွယ်သည့်အနေဖြင့် ညောင်ဦးမြို့နယ် တောင်ဘီလယ်ယားကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ဆောင်ရွက်နေရာချထားပေးခဲ့ရာ အိမ်ထောင်စု ၂၆၅ စု၊ လူဦးရေ အမျိုးသား ၄၈၈ ဦး၊ အမျိုးသမီး ၅၇၈ ဦး စုစုပေါင်း ၁၀၆၆ ဦးရှိရာ အဆိုပါ ပြည်သူများအား စက်တင်ဘာ ၃ ရက်က ညောင်ဦးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အိမ်ထောင်စုတစ်စုလျှင် ပစ္စည်းလေးမျိုး ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပေးအပ်လှူဒါန်း**

ထိုသို့ ပစ္စည်းများထောက်ပံ့ပေးအပ်ရာတွင် မန္တလေးတိုင်းဒေသကြီးရုံး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခမ်းလင်း ဦးဆောင်၍ ဝန်ထမ်းများက ဆယ်လံကျေးရွာရှိ ရေဘေးသင့် အိမ်ထောင်စု ၂၆၅ စုအတွက် အိမ်ထောင်စုတစ်စုလျှင် အမျိုးသားဝတ်လုံချည်တစ်ထည်၊ အမျိုးသမီးဝတ်လုံချည်တစ်ထည်၊ မျက်နှာသုတ်ပဝါတစ်ထည်နှင့် ဆပ်ပြာတစ်တောင့်နှုန်းစီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ပေါင်မြို့နယ်အတွင်း တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသ

**ပေါင် စက်တင်ဘာ ၆**

မွန်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ပေါင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကျေးလက်ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို စက်တင်ဘာ ၆ ရက်က ကော့ကရင်ကျေးရွာနှင့် ဒေးကင်းကျေးရွာများတွင် ဆေးဝါးကုသပေးခဲ့သည်။

အဆိုပါ ဆေးကုသမှုအဖွဲ့တွင် ပြည်နယ်ဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်၊ ဒုဆေးရုံအုပ် ဒေါ်စိုးစိုးယဉ်နှင့် ဝန်ထမ်းများက လူနာ ၈၇ ဦးတို့အား အခမဲ့ဆေးဝါးကုသမှုပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(iprd)**

ပြည်သူလိုတာလုပ်ဖို့ရာ ကျရာအခွန်ပေးဆောင်ပါ

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ဂရုဓမ္မအခါတော်နေ့ ကျောက်တန်း၌ ကျင်းပမည်

**ကျောက်တန်း စက်တင်ဘာ ၆**

၁၃၇၆ ခုနှစ် တော်သလင်းလပြည့်နေ့သည် ဂရုဓမ္မအခါတော်နေ့ဖြစ်၍ ထိုနေ့တွင် ကျောက်တန်းမြို့နယ် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးလျက် ဂရုဓမ္မအခါတော်နေ့နှင့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပမည်ဟု သိရသည်။

အဆိုပါ အခမ်းအနားကို စက်တင်ဘာ ၈ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျောက်တန်းမြို့ အသောကာရာမ ပရိယတ္တိစာသင်တိုက် သာသနာ့ဝေပုလ္လဓမ္မဗိမာန်၌ ကျင်းပရာတွင် အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဂရုဓမ္မအခါတော်နေ့ဆိုင်ရာ သိသင့်သည်များကို ဟောကြားခြင်း၊ တက္ကသိုလ်ဝင်တန်းမြန်မာစာဂုဏ်ထူးရှင် ကိုးဦးအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် သာကီသွေးဂျာနယ် အယ်ဒီတာချုပ် ဆရာမောင်သွေးချွန်နှင့် ဆရာဦးအောင်မြိုင်(မစိုးရိမ်စာသင်သား)တို့က အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

**(၀၁၉)**

# ဆီမီးကန်ချောင်းနှင့် ကိုင်းချောင်းယာယီလမ်းလွှဲများ စနစ်တကျ ဖောက်လုပ်ပေးရန် လိုအပ်

**တောင်သာ စက်တင်ဘာ ၆**

ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရန် တောင်သာမြို့နယ်အတွင်း၌ တောင်သာ-ဝဲလောင်ကားလမ်းပေါ်ရှိ ကိုင်းချောင်းနှင့် ဆီမီးကန်ချောင်းများကို ဖြတ်သန်းဆောက်လုပ်မည့် သံကူကွန်ကရစ်ရက်မနှင့် ကွန်ကရစ်ကြမ်းခင်း အမျိုးအစားတံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၄ မေလက စတင်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောက်လုပ်ချိန်၌ ဆီမီးကန်ချောင်းတွင် ပြုလုပ်ထားသော ယာယီလမ်းလွှဲမှာ စက်တင်ဘာပထမပတ်အတွင်းရွာသွန်းခဲ့သည့် မိုးများကြောင့် ရွှံ့ညွှန်များဖြစ်ပေါ်ကာ ပျက်စီးနေပြီး ဖြတ်သန်းသွားလာမှုခက်ခဲနေကြောင်း သိရသည်။ "ဒီတစ်ပတ်လုံး မိုးမပြတ်ရွာတော့ နေ့စဉ်သွားလာနေတဲ့ ယာဉ်တွေ ဆီမီးကန်ရွာထဲကို ဖြတ်ပြီး ဆီမီးကန်ရေကျော်ကွန်ကရစ်လမ်းအတိုင်း ကွေ့ပတ်သွားလာနေကြပါတယ်၊ ဘုရားဖူးဧည့်ကားတွေ၊ ညဥ့်နက်ကားတွေက ပုံမှန်လမ်းကြောင်းအတိုင်း သွားကြတော့ လမ်းချော်မှုတွေ ဖြစ်ကုန်တာပေါ့" ဟု ဒေသခံ ဦးစိုးနိုင်က ပြောပြသည်။

အဆိုပါချောင်းများသည် တောင်သာ-ကျောက်ပန်းတောင်း လမ်းမကြီးပေါ်တွင် ဖြတ်သန်းစီးဆင်းနေပြီး မိုးတွင်းကာလများ၌ တောင်ကျချောင်းရေ၊ ဆည်ပိုလွှဲရေများကျရောက်ပါက ဒေသတွင်းနှင့် အခြားမြို့နယ်ကျေးရွာများမှ ပြည်သူများအနေဖြင့် အချိန်ကြန့်ကြာမှုများ ဖြစ်ပေါ်ကာ စိုးရိမ်စွာ သွားလာနေရကြောင်း၊ လုပ်ငန်းများဆောင်ရွက်နေချိန်တွင် သွားလာမှုလွယ်ကူစေရေး ယာယီလမ်းလွှဲကို စနစ်တကျဖောက်လုပ်ပေးရန် ဒေသခံများက ဆန္ဒရှိကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**



ဆီမီးကန်ချောင်း ယာယီလမ်းကို တွေ့ရစဉ်။


# သမဝါယမဘဏ်၏ ငွေလွှဲလုပ်ငန်းခွဲသစ်ဖွင့်လှစ်

**တောင်ငူ စက်တင်ဘာ ၆**

မြို့ပေါ်နှင့် ကျေးလက်ဒေသနေပြည်သူလူထု အချိန်မရွေး၊ နေရာမရွေး၊ အဆင်ပြေချောမွေ့စွာ ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမဘဏ် (CB Bank) မှ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကုန်သည်ကြီးလမ်း အမှတ် ၁၇/၁၂၆ (က)ရှိ သမာဓိရောင်းဝယ်ရေးတွင် ငွေလွှဲကိုယ်စားလှယ်ကောင်တာသစ်ဖွင့်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျင်းပရာ တောင်ငူဘဏ်ခွဲမန်နေဂျာ ဒေါ်အိအိဝင်းက တောင်ငူငွေလွှဲကိုယ်စားလှယ် ဦးကျော်လှ(သမာဓိ)အား ကိုယ်စားလှယ်ဆောင်ရွက်ခွင့်လက်မှတ် ပေးအပ်ဖွင့်လှစ်ပေးလိုက်သည်။ **(အောက်ပုံ)**

အဆိုပါ Mobile Banking ဖွင့်ပွဲသို့ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဘဏ်မန်နေဂျာနှင့် ဝန်ထမ်းများတက်ရောက်ကြပြီး ငွေလွှဲလုပ်ငန်းများကို ပိတ်ရက်မရှိ မိုဘိုင်းဖုန်းများဖြင့် ဆောင်ရွက်နိုင်သည့်အတွက် မိနစ်ပိုင်းအတွင်း မိမိပေးပို့လိုရာဒေသများသို့ ငွေများ အချိန်မီရောက်ရှိနိုင်ကြောင်း သိရသည်။

**(၁၁၅)**



## အမည်ပြောင်း

ဦးအောင်မင်း-ဒေါ်ရင်ရင်မြ တို့၏ သမီး မဝင်းမင်းပပအား ယနေ့မှစ၍ မမျိုးပပဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမျိုးပပဇင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကောင်းမြတ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း Grade (11) မှာ ပညာသင်ကြားနေသော မချိုဇင်အောင်၏ ဖခင် ဦးဗန်တိုလူလေး ၆/လလန(နိုင်)၀၀၄၉၆၇သည် အရပ်ခေါ် ဦးမြင့်ဌေးနှင့် တစ်ဦးတစ်ယောက်တည်း ဖြစ်ပါကြောင်း။

**ဦးဗန်တိုလူလေး**



## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း
## လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၅၇၉၈၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် ၂၈၈ အမည်ပေါက် ဦးထွန်းလှ၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးကျင်စိန် ၁၃/ကမန (နိုင်) ၀၅၆၇၃၆မှ မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၆ ရှစ်လွှာ (A-8) တိုက်ခန်းနှင့်ပတ်သက်၍ ရောင်းသူဦးအောင်တင်မောင်မောင်နှင့် ဝယ်သူ ဒေါ်မေခလာဝင်းတို့သိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးကျော်ထူးမောင်နှင့် ဦးအောင်တင်မောင်မောင်တို့ နှစ်ဦးအညီအမျှ ခံစားခွင့်ရှိသော အထက်ဖော်ပြပါတိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေက ဦးအောင်တင်မောင်မောင်အား ယုံကြည်စွာအပ်နှံထားရာ ဦးအောင်တင်မောင်မောင်က ၁၃-၃-၂၀၁၃ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်မေခလာဝင်းအား ရောင်းချရာတွင် ဦးအောင်တင်မောင်မောင်သည် ရောင်းချသူများနေရာတွင် ၄င်းကိုယ်တိုင်အပြင် ကျွန်ုပ်မိတ်ဆွေ၏ အမည်ပေါ်တွင်ပါ လက်မှတ်ရေးထိုးထားသည်ကို တွေ့ရပါသည်။ ကျွန်ုပ်မိတ်ဆွေက ဦးအောင်တင်မောင်မောင်ကို ယင်းတိုက်ခန်းအားရောင်းချရန် ကိုယ်စားလှယ်လွှဲအပ်လွှာ ပေးအပ်ထားခြင်းမရှိပါ။ အရောင်းအဝယ်ပြုလုပ်သည့် ၁၃-၃-၂၀၁၃ ရက်က ကျွန်ုပ်မိတ်ဆွေသည် မြန်မာနိုင်ငံတွင်ရှိနေသော်လည်း ယင်းစာချုပ်အပိုဒ်-၄ တွင် ပြည်ပခရီးသွားရောက်နေပါသည်ဟု မမှန်မကန်ဖော်ပြထားပါသည်။ ယင်းအခန်း၏ အရောင်းအဝယ်စာချုပ်တွင် ကျွန်ုပ်မိတ်ဆွေက သဘောတူလက်မှတ်ရေးထိုးထားခြင်းမရှိ၍ ယင်းစာချုပ်သည် မူလကပင် ပျက်ပြယ်နေပါသည်။ စာချုပ်ပျက်ပြယ်ကြောင်းအရသော်လည်းကောင်း၊ ယုံကြည်စွာအပ်နှံထားသောတိုက်ခန်းကို ခွင့်ပြုချက်မရရှိဘဲ ရောင်းချမှုအတွက်သော်လည်းကောင်း သက်ဆိုင်သူများကို ဥပဒေလမ်းကြောင်းအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးကျော်ထူးမောင်**
**၁၂/ဗဟန(နိုင်)၀၉၃၀၅၆**
**လွှဲအပ်ညွှန်ကြားသူ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဝင်း(စစ်တွေ) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၆၀)**
**တိုက် ၂၇၄၊ အခန်း ၁၅၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၇၀၃၃၊ ၀၉-၂၅၁၀၂၇၀၆၆**




အပူအပုပ်ကင်းစင်၍ ဝမ်းမကျန်ဝမ်းသန့် ဝမ်းမှန်စေရန် အစာဟောင်းစွန့်ထုတ်စနစ် ကောင်းနေစေရန် (၉)ရက်တစ်ကြိမ်ခန့် အစာဟောင်းအိမ်သန့်စင်ပေးသင့်ပါသည်။

**စုစုအေးအောင်**
**ဝမ်းမှန်အကြောပြေဆေး**

## သွေးသည်အသက်

## ပြည်တွင်းသတင်းနှင့်အားကစား

○ *ကျောဖုံးမှ*

ကျော်ဇေယျာဝင်း၊ ကျော်ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းမှာ ပွဲစကတည်းက အိမ်ရှင်ဖိလစ်ပိုင်အသင်းကို ခပ်မာမာတုံ့ပြန်ကစားခဲ့ပြီး ခုနစ်မိနစ်တွင် ကျော်ကိုကို၏ အဝေးကန်ချက်ဖြင့် ဂိုးစတင်ရရှိခဲ့သည်။ ယင်းနောက်ပိုင်းတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းက ချေပဂိုးရရှိရေးကြိုးပမ်းခဲ့ရာ မြန်မာခံစစ်ပိုင်း ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရသည်။

ဒုတိယပိုင်းအစ လေးမိနစ်တွင် အိမ်ရှင်ဖိလစ်ပိုင်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ဆာတိုက အဝေးမှကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေဖြစ်ပြီးနောက်ပိုင်းတွင် ဖိလစ်ပိုင်အသင်းက



ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလား မြန်မာအသင်းယှဉ်ပြိုင်နေမှုကို အားပေးနေကြသည့် မြန်မာပရိသတ်များကို တွေ့ရစဉ်။ ဓာတ်ပုံ-MRTV

သာ တောက်လျှောက်ဖိကစားခဲ့ပြီး ၆၉ မိနစ်တွင် ပယ်နယ်တီမှတ်တစ်ဆင့် နာမည်ကြီးတိုက်စစ်မှူး ဖိလစ်ယန်းဟာက်စဘန်းက သွင်းယူပေးခဲ့သည်။ မိနစ် ၈၀ ကျော်တွင် နန္ဒလင်းကျော်ချစ်အစား စိုးမင်းဦး၊ ကျော်ဇေယျာဝင်းအစား မင်းမင်းသူတို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး ပြစ်ဒဏ်ဘောမှတစ်ဆင့် မင်းမင်းသူက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲပြီးခါနီးတွင် အဖိုးတန်ချေပဂိုးရရှိခဲ့သည့် မြန်မာအသင်းမှာ အချိန်ပိုတွင် စိတ်ဓာတ်အသာဖြင့် ကစားနိုင်ခဲ့ပြီး ချန်ပီယံဖြစ်စေမည့်အနိုင်ဂိုးကို ၉၉ မိနစ်တွင် စိုးမင်းဦးက သွင်းယူပေးခဲ့သည်။

မြန်မာအသင်းမှာ အိမ်ရှင်ဖိလစ်ပိုင်အသင်း၏ သုံးနှစ်ဆက် ချန်ပီယံဖြစ်မည့် အိပ်မက်ကို အဆုံးသတ်ကာ ပထမဆုံး ယှဉ်ပြိုင်သည့်ပြိုင်ပွဲမှာပင် အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။ မြန်မာ



ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားကို ဆွတ်ခူးရရှိသွားသည့် မြန်မာဘောလုံးသမားများ ပျော်ရွှင်စွာ အောင်ပွဲခံနေစဉ်။

အသင်းမှာ ဖိလစ်ပိုင်အသင်းကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အနိုင်မရရှိခဲ့မှုကိုလည်း အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင်ကျရှုံးခဲ့သည့် မြန်မာဘောလုံးလောကကို မြန်မာယူ -၁၉ အသင်းက ဘရူနိုင်း ဘုရင့်ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုရရှိပြီး အောင်မြင်မှုစတင်နိုင်ခဲ့သလို မြန်မာ့လက်ရွေးစင် အသင်းကပါ ထပ်ဆင့်အောင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။**သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်**

# ကိုယ်ပွားသတင်းစာတိုက်(မုံရွာ) မြေသန့်နှင့် ပန္နက်တင်မင်္ဂလာကျင်းပ

**မုံရွာ စက်တင်ဘာ ၆**

ကျေးလက်ဒေသများအထိ ရောင်စုံသတင်းစာများ ရောက်ရှိပြီး ပြည်သူများ အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ဖတ်ရှုနိုင်ရန် ရည်ရွယ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (မုံရွာ) တည်ဆောက်မည့်မြေနေရာတွင် မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက မုံရွာမြို့ နန္ဒာဝန်ရပ်ကွက်ရှိ အဆိုပါ ကိုယ်ပွားသတင်းစာတိုက်မြေနေရာ၌ ကျင်းပသည်။

မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် မုံရွာမြို့ ဥက္ကံတောရစာသင်တိုက်ဆရာတော် ဦးမာနိတ အရှင်သူမြတ်အမှူးပြုသော ဆရာတော်သံဃာတော်များက မြေသန့်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားတော်မူကြသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လူမှုရေးဝန်ကြီးဒေါက်တာ မြင့်သိန်း**(ယာပုံ)**၊ မုံရွာတက္ကသိုလ်ဒုတိယပါမောက္ခချုပ်ဒေါက်တာကျော်ထွန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ စာတည်းမှူး ဦးညွန့်ဇော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဦးခိုင်မင်းကျော်နှင့် ကိုယ်ပွားသတင်းစာတိုက်(မုံရွာ) တာဝန်ခံအရာရှိ ဦးသိန်းစိုးတို့က သတ်မှတ်မြေနေရာအသီးသီးတို့တွင် ပန္နက်စိုက်ထူခဲ့ကြကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစာတိုက်စက်ရုံအဆောက်အအုံအား အင်ကြင်းသွေးဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်မည်ဖြစ်ပြီး ကိုယ်ပွားသတင်းစာတိုက်(မုံရွာ) ပြီးစီးသွားပါက စစ်ကိုင်းတိုင်း






ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်နှင့် ချင်းပြည်နယ်တို့သို့ ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



ကြော်ငြာ


PREMIER®
COFFEE
မြန်မာနိုင်ငံ၏ အမြင့်ဆုံးရေခဲတောင် ဖြစ်သည့် ခါကာဘိုရာဇီ တောင်ထိပ်
ပေါ်သို့ ခက်ခဲကြမ်းတမ်းသော ခရီးလမ်းကို ဖြတ်သန်းကာ မြန်မာနိုင်ငံတော်
အလံကို အောင်မြင်စွာစိုက်ထူနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့သော
တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း
(သဘာဝခေါ်သံဖောင်ဒေးရှင်း )
အား မြန်မာနိုင်ငံသူ နိုင်ငံသားတို့နှင့်တကွ ထပ်တူထပ်မျှ
ဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။
တောင်ခြေသို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်လည် ရောက်ရှိနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။
PREMIER COFFEE

# မြန်မာနိုင်ငံ e-Government အစ

ဒေါက်တာမရီအေး(ဘောဂဗေဒ)

ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအား လမ်းညွှန်ခြင်းအခမ်းအနားကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ ဇွန် ၁၀ရက်က ကျင်းပသည်။ ထိုသို့ ကျင်းပရာတွင် သမ္မတကြီးက"မိုဘိုင်းဖုန်းနှင့် အင်တာနက်စနစ်တွင် သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုသည် အနာဂတ်တွင်ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အဆင့်အထိ ရောက်ရှိလာရေးနှင့် e-Government စနစ်ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် ဌာနတိုင်းက လ ၂၀ အစီအမံရေးဆွဲပြီး လက်တွေ့ချိတ်ဆက်အသုံးပြုနိုင်သည်အထိ ဝန်ထမ်းများကိုပါ ပူးတွဲလေ့ကျင့်ပြီး တစိုက်မတ်မတ်တိုးတက်ရေး စီမံဆောင်ရွက်ပြရန် ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝ လျင်မြန်ချောမွေ့လာမည်ဖြစ်ပါကြောင်း" လမ်းညွှန်မှာကြားခဲ့သည်။ ထိုမှာကြားချက်အရ ပြုပြင်ပြောင်းလဲရေး တတိယလှိုင်း၏အစတွင် အစိုးရဌာနတိုင်းက လပေါင်း ၂၀ စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။

e-Government ကို တစ်ကမ္ဘာလုံးက စံထား၍ လက်ခံထားသော၊ တိကျသည့် တစ်ခုတည်းသော အဓိပ္ပာယ်သတ်မှတ်ချက်မရှိသော်လည်း ပညာရှင်များအဖွဲ့အစည်းများက ၎င်းတို့၏ လုပ်ငန်းနယ်ပယ်နှင့် အတွေ့အကြုံပေါ်မူတည်၍ ကွဲပြားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ ရှိပါသည်။ e-Government ဆိုသည်မှာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများက ICT နည်းပညာကိုအသုံးပြု၍ ၎င်းတို့၏ဝန်ဆောင်မှုများကို သုံးစွဲသူပြည်သူများသို့လည်းကောင်း၊ စီးပွားရေးအဖွဲ့အစည်းများသို့ လည်းကောင်း၊ ဌာနဆိုင်ရာများသို့ လည်းကောင်း၊ ထိထိရောက်ရောက်နှင့် စွမ်းဆောင်ရည်ရှိရှိ ဝန်ဆောင်မှုပေးခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ICT နည်းပညာကို အသုံးပြု၍ အစိုးရဌာနများသည် ပြည်သူများနှင့်စီးပွားရေးအဖွဲ့အစည်းများသို့ ဝန်ဆောင်မှုပေးခြင်းပင်ဖြစ်သည်။

ထိုသို့အစိုးရ၏ ICT နည်းပညာဖြင့် ဝန်ဆောင်မှုပေးခြင်းသည် နိုင်ငံတော်အတွင်း၌ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုအသစ်ကို ဖန်တီးလိုက်ခြင်းပင်ဖြစ်သည်။ ထိုပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနည်းလမ်းအသစ်ကို အောင်မြင်စွာဆောင်ရွက်နိုင်လျှင် အစိုးရဌာနများ၏ ဆောင်ရွက်မှုများ တိုးတက်မြန်ဆန်လာပြီး ပိုမို၍လည်း ထိရောက်မှုရှိလာမည်၊ ပွင့်လင်းမြင်သာမှုများ ဖြစ်လာမည်၊ အဂတိ လိုက်စားမှုများလည်းလျော့နည်းလာမည်ဖြစ်ပြီး ပြည်သူနှင့် အစိုးရကြား ယုံကြည်မှုနှင့် ကျေနပ်မှုကို ပိုမိုအကျိုးရှိစွာ တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

e-Government အောင်မြင်ရန် သင့်လျော်ကိုက်ညီမည့် ဥပဒေ၊ နည်းဥပဒေများရေးဆွဲရန် လိုအပ်မည်ဖြစ်သည်။ အောင်မြင်သော e-Government တွင် နိုင်ငံရေးအရ နိုင်ငံတော်မှ တောင်းဆိုမှု၊ နိုင်ငံ၏အစိုးရဌာနများမှ ဌာနအလိုက် ရွေးချယ်ထားသော လုပ်ဆောင်ရမည့် ရည်မှန်းချက်အလိုက် လုပ်ငန်းများနှင့် လိုက်လျောညီထွေ ကိုက်ညီမည့် လုပ်ဆောင်မည့်နည်းလမ်းများ၊ နိုင်ငံတော်အတွင်း ပြည့်စုံသော ICT အခြေခံအဆောက်အအုံများ၊ (Project) လုပ်ငန်း၏ ရည်မှန်းချက်အလိုက် ထိရောက်သောအပိုင်းနှင့် ထိရောက်သောလုပ်ငန်းပုံစံ (Project Design)၊ ထိရောက်သောပြောင်းလဲ စီမံခန့်ခွဲမှုများနှင့် လုံလောက်သော ဘဏ္ဍာရေးအခြေအနေတို့ ရှိရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ နိုင်ငံတော်အစိုးရဌာနများ၏ ရည်မှန်းချက်အလိုက် လုပ်ဆောင်မည့်လုပ်ငန်းများကို e-Government ဆောင်ရွက်မှုစနစ်ဖြင့် စီမံဆောင်ရွက်ရမည်ဖြစ်သည်။ ယခုအချိန်အခါ သိသာထင်ရှားသော မိုဘိုင်းဖုန်းစနစ်နှင့် အင်တာနက်စနစ်၏ ပြောင်းလဲတိုးတက်မှုသည် e-Government ဖြစ်ပေါ်စေရန် သင့်လျော်သော ICT အခြေခံအဆောက်အအုံများဖြစ်ပါသည်။ ထို e-Government ဆောင်ရွက်မည့်လုပ်ငန်းအလိုက် ထိရောက်သောပုံစံနှင့် ထိရောက်သော ပြောင်းလဲစီမံခန့်ခွဲမှုများကို လုံလောက်သော ဘဏ္ဍာရေးအခြေအနေကို အသုံးပြုပြီး ဆောင်ရွက်ရမည်ဖြစ်ပေသည်။

e-Government ဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်ရာတွင် ပြည်သူများပါဝင်သော လုပ်ငန်းများကိုရွေးချယ်၍ ထိုလုပ်ငန်းများတွင်လည်း ပြည်သူများပါဝင်လာစေသော ပေါ်လစီများကို ချမှတ်ဆောင်ရွက်သင့်ပေသည်။ ဥပမာ-အစိုးရဌာနတစ်ခုဖြစ်သော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ ယာဉ်မှတ်ပုံတင်ခြင်း (သို့) ယာဉ်သက်တမ်းတိုးခြင်းအတွက် ဆောင်ရွက်ရာတွင် ပြည်သူများသည် အစိုးရဌာန စားပွဲပေါင်းများစွာကို ဖြတ်သန်းပြီး မှတ်ပုံတင်(သို့)သက်တမ်းတိုးခြင်းကို လုပ်ကိုင်ရမည်ဖြစ်သည်။ ထိုဆောင်ရွက်မှုကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနမှ e-Government ဖြင့် ပြည်သူများကို ဆောင်ရွက်စေခြင်းဖြင့် အစိုးရဌာနစားပွဲများစွာကို ဖြတ်သန်း၍ ဆောင်ရွက်ရခြင်းကို လျှော့ချနိုင်မည်ဖြစ်သည်။ လုပ်ငန်းစဉ်အလိုက် အသုံးပြုသူ၏ ကုတ်နံပါတ်များပေး၍ ဆောင်ရွက်စေခြင်းနှင့် ငွေသွင်းသည့်အဆင့်တွင်လည်း ဘဏ်မှပေးသွင်းသောစနစ်ကို ICT စနစ်ဖြင့် ဆောင်ရွက်စေနိုင်ပါသည်။ ICT စနစ်ဖြင့် ဖြစ်နိုင်သောအဆင့်အထိ ဆောင်ရွက်စေပြီး နောက်ဆုံး စာရွက်စာတမ်းမူရင်းတင်ပြခြင်းနှင့် ယာဉ်စစ်ဆေးခြင်းကို ဆောင်ရွက်စေသော စနစ်ဖြစ်ခဲ့လျှင် ထိုကဲ့သို့သော အစိုးရ၏ e-Government ဆောင်ရွက်မှုကို ပြည်သူအများ လွန်စွာနှစ်သက်ကြမည်ဖြစ်ပေသည်။ ထိုကဲ့သို့သော ပြည်သူများပါဝင်သော ဆောင်ရွက်မှု လုပ်ငန်းမျိုးကို အစိုးရဌာနများမှ e-Government စနစ်ဖြင့် ရွေးချယ်ပြုလုပ်သင့်သည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် e-Government ဆောင်ရွက်မှု အောင်မြင်ရေးအတွက် ICT စနစ်ဖြင့်သာလျှင် မလုပ်မနေရဟူသော မူဝါဒကို ချမှတ်သင့်သည်။ သို့မှသာ ပြည်သူများအားလုံး ပူးပေါင်းပါဝင်လာပြီး တူညီသော အစိုးရ၏ဝန်ဆောင်မှုကို ပေးစွမ်းနိုင်ပြီး ပြည်သူအများ၏ ယုံကြည်မှုကို ရရှိမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် e-Government ဆောင်ရွက်မှုများတွင် ပြည်သူများ ပါဝင်လာစေခြင်း၊ ပြည်သူများ၏ အစိုးရအပေါ် ကျေနပ်နှစ်သိမ့်မှု ပိုမိုရရှိလာစေခြင်းစသည့် အကျိုးရလဒ်များ ပေါ်ထွက်လာမည်ဖြစ်သည်။

အစိုးရဌာနများသည် e-Government ဆောင်ရွက်ရာတွင် ဌာနအလိုက် အသုံးပြုရသော ဘတ်ဂျက်များမှ ပြည်သူများအတွက် ကျေနပ်မှုအမြင့်ဆုံးသော e-Government ဆောင်ရွက်မှုများ ရရှိစေရန် ဖော်ဆောင်ရမည်ဖြစ်ပေသည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူများ၏ အစိုးရအပေါ် ယုံကြည်မှုနှင့် ကျေနပ်မှုများ တည်ဆောက်နိုင်မည့် စနစ်သစ်တစ်ခု ဖန်တီးဖြစ်ပေါ်လာမည်ကို ကြိုဆိုရေးသားလိုက်ရပါသည်။ ။

**e-Government ကို တစ်ကမ္ဘာလုံးက စံထား၍ လက်ခံထားသော၊ တိကျသည့်တစ်ခုတည်းသော အဓိပ္ပာယ်သတ်မှတ်ချက်မရှိသော်လည်း ပညာရှင်များအဖွဲ့အစည်းများက ၎င်းတို့၏ လုပ်ငန်းနယ်ပယ်နှင့် အတွေ့အကြုံပေါ်မူတည်၍ ကွဲပြားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များရှိ**

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ရှိ ရှေးဟောင်းစည်တော်ကြီး ပြန်လည်ပြုပြင်မည်

**ပြည် စက်တင်ဘာ ၆**

ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ရှိ သုံးထပ်စင်မြင့်အဆောက်အအုံအပေါ်ဆုံး၌ ချိတ်ဆွဲထားရှိသော ရှေးဟောင်းစည်တော်ကြီးမှာ ဆွေးမြည့်ပျက်စီးလျက်ရှိပြီးတီးခတ်၍ မရနိုင်တော့သည့်အတွက် ရှေးမူမပျက် ပြုပြင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



အဆိုပါ စည်တော်ကြီးမှာ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ သမိုင်းဝင်မှတ်တမ်းကျောက်စာတိုက်၊ ၎င်း၏အပေါ်တွင် နာရီစင်နှင့် အပေါ်ဆုံးတွင် စည်တော်ကြီးစင်တို့ ပါဝင်သော သုံးထပ်အဆောက် အအုံ အပေါ် ဆုံးထပ်၌ ချိတ်ဆွဲထားခြင်း ဖြစ်ရာ ရာသီဥတုဒဏ်ကြောင့် စည်တွင်ကြက်ထားသောသားရေများ ဆွေးမြည့်ပျက်စီးနေခြင်းဖြစ်သည်။ အဆိုပါစည်တော်ကြီးသည် ဝက်ထီးကန်နယ်မြေ ညောင်တန်းကျောင်းတွင် စစ်ကြိုခေတ်ကတည်းကရှိနေခဲ့ပြီး ထူးခြားသောစည်ကြီးဖြစ်ကြောင်း၊ အင်္ဂလိပ်အစိုးရအုပ်ချုပ်သောခေတ်အတွင်း စည်ကြီးကို ရိုက်တီးလိုက်သည့်အခါတိုင်း အင်္ဂလိပ်တို့က လန့်လန့်နေခြင်းကြောင့် မတီးရန်တားမြစ်ခဲ့ကြောင်း၊ စည်ကို တစ်ဖက်လျှင် နှစ်တောင်ခန့်ဖြတ်ပြီးမှ တီးရန်ခွင့်ပြုခဲ့ကြောင်း၊ နောင်တွင်မသမာသူများက ပြည်ပသို့ ခိုးထုတ်ရန်ကြိုးပမ်းလာကြသည့်အတွက် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်က အင်္ဂလိပ်တို့ ထိတ်လန့်ကြောက်ရွံ့ခဲ့ဖူးသော စည်ကြီးကို လက်ရှိညောင်တန်းကျောင်းဆရာတော်၏ခွင့်ပြုမှုဖြင့် ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတွင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စည်တော်ကြီးအား ရှေးမူမပျက်ပြင်ဆင်နိုင်ရေးအတွက် အသေးစိတ်အချက်အလက်များကို သိရှိလှူဒါန်းလိုပါက ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်နာယက ဆရာတော်များထံ၌လည်းကောင်း၊ ပရိယတ္တိသာသနာ့နုဂ္ဂဟအဖွဲ့အမှုဆောင်များထံ၌လည်းကောင်း၊ ဖုန်း ၀၅၃-၂၇၆၁၅၊ ၀၅၃-၂၆၅၅၊ ၀၅၃-၂၇၆၅၆ သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

# မသန်စွမ်းသူများအတွက် လက်မှုသင်တန်းဖွင့်

**မိုးမောက် စက်တင်ဘာ ၆**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် တရုတ်ဘုံကျောင်းတွင် ကိုယ်အင်္ဂါမသန်စွမ်းသူလူငယ်များအတွက် လက်မှုအတတ်ပညာတတ်မြောက်စေရန် ရည်ရွယ်၍ မြို့နယ်ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းဥက္ကဋ္ဌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆွတ်နောင်၏ ကြီးကြပ်မှုဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူလူငယ်များအတွက် အသေးစားလက်မှုအတတ်ပညာသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီကကျင်းပရာ မြို့နယ်ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း အတွင်းရေးမှူး ဦးအောင်ဖြူဇင်က အမှာစကားပြောကြားပြီး ဗန်းမော်ခရိုင် ပန်းပျိုးလက်အဖွဲ့အစည်းဥက္ကဋ္ဌ ဒေါ်ခင်လေး(သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်း)က ဓာတုဗေဒဆေးဝါးများ၏ ဆိုးကျိုးအကြောင်း ပြောကြားပြီး သင်တန်းကို စက်တင်ဘာ ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**လွှမ်းနန်းထွေး**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၅ယ/၆၁၅၉၄ Kenbo 125, MC ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းအောင် ၅/ရဘန(နိုင်)၁၄၅၃၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၀ယ /၃၁၈၄၆ Jialing zest X 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိန်လင်း ၈/ဆပဝ(နိုင်) ၀၇၀၄၃၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ပျောက်ဆုံးခြင်း**
ကျွန်မ လူဆီးယာဒီဖိုး ၂/လကန(နိုင်) ဝ၆၁၅၄၆၏ ပတ်စ်ပို့နံပါတ်(MA-504848) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **လူဆီးယာဒီဖိုး**
**ဖုန်း-၀၉-၄၂၈၀၀၄၂၉၇**

**အမည်ပြောင်း**
ဦးကျင့်ဖုက် - ဒေါ်ခင်ထွေးတို့၏သား ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ အထက၊ ဒုတိယတန်းမှ မောင်သူရိန်ကျော်အား မောင်ပိုင်ထူးအောင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ပိုင်ထူးအောင်**

**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ် ၃၀ယ/၈၇၀၈၀ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူဇာဝင်း ၁၀/ခဆန(နိုင်)၀၈၁၁၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁ယ/၂၆၂၇၅ Honda Super Cub C 90 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမြင့် ၇/ရတန(နိုင်)၀၁၁၆၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁ယ/၈၇၉၂၂ Suzuki Viva 110 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဇော်ထက် ၇/ရတန(နိုင်)၀၆၉၈၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၄ယ/၅၆၀၇၃ Cheng fei 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၉/အမရ(နိုင်)၀၆၁၇၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**အမည်ပြောင်း**
ဦးရှာအာလောမ်(ခ)ဦးဘထွန်း၏ သမီး လှိုင်ကော်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မသီတာထွန်းအား မသီတာဝင်းဟု ပြောင်းလဲခေါ်ပါရန်။
**မသီတာဝင်း**

**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ်၁၈ယ/၁၆၆၈၀ Shayan -110 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဝေထွန်း ၈/စလန(နိုင်)၀၇၉၉၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂ခ/၃၆၃၇ ယာဉ်လက်ဝယ်ရှိသူ AAA Triple A Cement International Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၈/၃၁၆ Hino TE 21 Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သိန်း ၉/မနတ(နိုင်)၀၅၆၆၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၆ယ/၇၅၆၂၉ Yamaha Tricker 250, M/C ယာဉ်အမည်ပေါက် ဦးငြိမ်းချမ်း ၉/မရမ(နိုင်)၀၅၈၅၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ် ၁၅ယ/၉၁၄၅၉ Anbo Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းယီ ၁၃/ကတန(နိုင်) ၀၂၆၀၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တွဲဖက်ပြည်နယ်ရုံး၊ ကျိုင်းတုံ**

**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ်၁၈ယ/၁၆၄၉၄ Zhineng -110 ယာဉ်လက်ဝယ်ရှိသူ ဦးလှမြေအောင် ၈/ခမန(နိုင်)၀၁၂၇၂၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

**ဖခင်အမည်မှန်**
ပြင်ဦးလွင်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A)မှ မဆောင်းသဇင်ဦး၏ဖခင်အမည်မှန်မှာ ဦးကိုကိုဥက္ကာပျံ ၁၃/မနတ(နိုင်)၀၂၈၀၄၂ ဖြစ်ပါကြောင်း။

**ပျောက်ဆုံး**
ကျွန်တော် ထွန်းနွယ်ငြိမ်းချမ်း ၁၂/မရက(နိုင်)၁၃၄၉၀၅ ၏ S.S.O (SHIP SECURITY OFFICER) လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၅၅၅၀၅၁၅**


## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒေသဆောင်းပါး

# သဘာဝရေပူရေအေးများကြောင့် လေးဖက်နာရောဂါသက်သာ

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ ငါးတိုင်နှင့် ရေပူကြီးကျေးရွာရှိသဘာဝထွက်ရှိသောရေပူ၊ရေအေး စမ်းရေများသည်အနာရောဂါများပျောက်ကင်းလျက်ရှိကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

သဘာဝရေပူ၊ ရေအေးစမ်းရေများကိုသောက်သုံးခြင်း၊ ချိုးခြင်းဖြင့်ခန္ဓာကိုယ်ပေါ်တွင်ဖြစ်ပေါ်တတ်သောယားနာများ၊ အကြောအခြင်ရောင်ရမ်းကိုက်ခဲခြင်းများ၊ ခါးနာ၊ ပေါင်နာ၊ လူကြီးများတွင် အဖြစ်များသော ဆီးရောဂါနှင့် လေးဖက်နာရောဂါများပျောက်ကင်းလျက်ရှိကြောင်း၊ ယင်းရေပူ၊ရေအေး စိမ့်ထွက်စမ်းရေများသည် ရေငန်ဓာတ်ရှိသည့်အတွက်တောရိုင်းတိရစ္ဆာန်များ လပြည့်၊ လကွယ်ညများတွင်လာရောက်သောက်သုံးလေ့ရှိပြီး ရွာရှိလယ်ယာမြေများကိုဖျက်ဆီးခြင်းမရှိဘဲ မိမိတို့နေထိုင်ရာသို့ပြန်လည်ထွက်ခွာသွားကြောင်း၊ ကြက်ဥ၊ ဘဲဥများကိုနာရီဝက်မျှစိမ်ထားလျှင် ကျက်ပြီးရေပူတွင်းရှိငါးများကို ရေအေးတွင်းတွင်ထားရှိပါကငါးများသေဆုံးပြီး အလားတူရေအေးတွင်းရှိငါးများကို ရေပူတွင်းတွင် ထားရှိပါက သေဆုံးလျက်ရှိကြောင်း ရောဂါပျောက်ကင်းသူဒေသခံပြည်သူတစ်ဦးက ပြောသည်။



ပို၍ထူးခြားသည်မှာ ကရင်တိုင်းရင်းသားပြည်သူများ ရေပူရေအေးစမ်းရေတွင် တည်ထားသော အဖွားနန်းကြိုင်ရုပ်တုကိုခရီးသွားသည်ဖြစ်စေ၊ အလုပ်လုပ်သည်ဖြစ်စေ၊ မင်္ဂလာဆောင်သည်ဖြစ်စေ၊ မဖြစ်မနေလာရောက်ကန်တော့ကြပြီး မလာရောက်နိုင်ပါက ရောဂါဘယထူပြောနိုင်သည်ဟု ယုံကြည်သူများရှိကြောင်း သိရသည်။ **နိုင်နိုင်ထွန်း(ကျုံဒိုး)**

## ဟသ်ာကုန်း စေတီတော်မြတ်ကြီး အလှူငွေပေးအပ်ပွဲကျင်းပ

**ပဲခူး စက်တင်ဘာ ၆**

ပဲခူးမြို့ သမိုင်းဝင်ဆုတောင်းပြည့် ဟသ်ာကုန်းစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ သာသနာ့ ဟိတဓဇရသေ့ကြီး ဦးခန္တီဗိမာန်တော်ကြီး၌ တပ်ဆင်မည့် ပရိဘောဂများအတွက် ရေစက်ချမင်္ဂလာကို စက်တင်ဘာ ၅ ရက်က ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့်ဇနီး ဒေါ်ခင်သန်းနွဲ့တို့အား အမှူးထား၍ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ပဲခူးခရိုင် ဥပဒေရုံးနှင့် ပဲခူးမြို့နယ် ဥပဒေရုံးမိသားစုတို့က အလှူငွေကျပ် လေးသိန်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်နှင့် ဇနီးဒေါ်ထူးထူးငွေ (ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး) မိသားစုတို့က အလှူငွေကျပ် လေးသိန်းကိုလည်းကောင်း လှူဒါန်းသည်။

ဒုတိယရင်ပြင်တော် ဓမ္မသဘင်ဆောင်ကို အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေဖြင့် စတင်တည်ဆောက်တော့မည်ဖြစ်ရာ စုစုပေါင်း ငွေကျပ် သိန်း ၂၀၀ ကျော် ကုန်ကျမည်ဖြစ်သဖြင့် လှူဒါန်းလိုသူများသည် ဟသ်ာကုန်းဂေါပကအဖွဲ့ရုံး ဖုန်း-၀၉-၂၅၀၈၇၃၉၈၉၊ ၀၉-၄၂၈၂၀၄၉၇၉ နှင့် ၀၉-၄၉၄၃၆၇၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိန်လှိုင်ဗိုလ်**

# ကျောက်ကြီးမြို့နယ်၌ မီးမျှောပွဲအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ (၁၂၆) ကြိမ်မြောက် မီးမျှော ပူဇော်ပွဲအထိမ်းအမှတ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မြို့နယ်အားကစားကွင်း၌ စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ကျောက်ကြီးမြို့နယ် အထက ကျောင်းသူလေးများဘင်ခရာတပ်ဖွဲ့က ဦးဆောင်၍ ပြိုင်ပွဲဝင်အားကစားသမားများက စစ်ကြောင်းပုံချီတက်အလေးပြုကြသည်။

အစီအစဉ်အရ ဘောလုံးပြိုင်ပွဲ ပထမအဆင့် ကွာတားပြိုင်ပွဲ ပွဲစဉ် (ခ)အဖြစ် ရေလဲ(ဗမာ) အသင်းနှင့် အညာစုကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရေလဲ (ဗမာ) အသင်းက အညာစုကျေးရွာဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကျန်ရှိသော ဘောလုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## သတင်းတို

### တောင်တွင်းကြီးရှိ ကျေးရွာ ၁၀ ရွာ ဆိုလာမီးလင်းပြီ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးရှေးဟောင်းဒေသအနီးပတ်ဝန်းကျင် ၁၀ ရွာတို့ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများကြိုးပမ်းဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်က ကုက္ကိုခွ၊ ပျားတုရှေ့၊ ပျားတုနောက်၊ အင်းရွာကြီး၊ အုန်နဲ့တန်း၊ ညောင်ကုန်း၊ ရန်ပယ်ခွ၊ လက်ပံရှည်၊ ကြက်ဆူတောတောင်၊ ကြက်ဆူတောမြောက် စုစုပေါင်းကျေးရွာ ၁၀ ရွာမှ အိမ်ခြေ ၁၀၀၀ ကျော်တို့တွင် လျှပ်စစ်မီးများ ထိန်ထိန်လင်းခဲ့ပြီဖြစ်ပြီး ကျန်ရှိသော ကျေးရွာအိမ်ခြေများကိုလည်း ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခင်က ဖယောင်းတိုင်မီးကိုသာ သုံးစွဲခဲ့ကြရာမှ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့် လျှပ်စစ်မီး အသုံးပြုရပြီဖြစ်၍ ကျေးရွာပေါင်း ၁၀ ရွာတို့မှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း ဒေသခံကျောင်းသားတစ်ဦးက ပြောသည်။ **(လ/၀၂၁)**


**စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်း**

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နေ (ဦးသန်းဦး)-ဒေါ်မြမြစန်းတို့၏သားကြီး
**ဗိုလ်ကြီးဟိန်းဇော်ဦး D.S.T.A , B.E (Electronic)**
**နှင့်**
ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့နေ
ဦးကျော်ဦး (ဒု-လဝကမှူး၊လားရှိုးမြို့နယ်ရုံး)-ဒေါ်အေးအေးဝါတို့၏သမီးကြီး
**မကံ့ကော်ရွှေရည် 1st Year (Eco)**
တို့သည် ၂၅-၈-၂၀၁၄ ရက်တွင် နှစ်ဖက်မိဘများ သဘောတူညီချက်ဖြင့် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **နှစ်ဖက်မိဘများနှင့် ဗိုလ်ကြီးဟိန်းဇော်ဦး-မကံ့ကော်ရွှေရည်**

**အထက(၂)သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီဖွဲ့စည်းရန်**
**အစည်းအဝေးဖိတ်ကြားခြင်း**

အထက(၂) သဃ်န်းကျွန်း (ယခင်ဘောက်ထော်မက်သဒစ်၊ အလက-၂)၏ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ ဖွဲ့စည်းရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အစည်းအဝေးပြုလုပ်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၁-၉-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁ နာရီ
**ကျင်းပမည့်နေရာ** - သပြေညိုခန်းမ၊ အထက(၂) သဃ်န်းကျွန်း

**ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးဂေါပကအဖွဲ့ ပိဋကတ်စာကြည့်တိုက် (၁၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲကို ကျွန်ုပ်၏ ဘဝလမ်းခရီးခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်သည်။ တစ်ဦးလျှင် စာမူတစ်စောင်၊ ကွန်ပျူတာစာစီ (A4) (၅)မျက်နှာထက်မပိုစေဘဲ မည်သည့်ဂျာနယ်၊ မဂ္ဂဇင်းတွင်မှ ရေးသားဖော်ပြဖူးခြင်းမရှိသော စာမူများအားကိုယ်တိုင် ရေးသားကြောင်းခံဝန်ချက်နှင့်အတူ ၁၅-၁၀-၂၀၁၄ရက်မှ ၁၅-၁၁-၂၀၁၄ရက်အတွင်း ဆုတောင်းပြည့်ဂေါပကရုံးသို့ ပေးပို့ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ဆုရရှိသူများကို ၁-၁-၂၀၁၅ရက် စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။
**မှတ်ချက်။ ။ လက်ရေးစာမူများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။**
**ဂေါပကအဖွဲ့**
**ဆုတောင်းပြည့် မြတ်စွာဘုရားကြီး**
**မုံရွာမြို့**
**ဖုန်း-၀၇၁-၂၁၃၁၉၊ ၀၉-၃၃၂၀၅၇၀၀**

**အမည်မှန်နှင့်**
**မွေးသက္ကရာဇ်အမှန်**

ဟသ်ာတမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ သီရိမင်္ဂလာလမ်းနေ ဦးစိုးဝင်း၏သမီး မမြသက်မွန်၏ အမည်မှန်မှာ မမြတ်သက်မွန်ဖြစ်ပြီး ကျောင်းမွေးသက္ကရာဇ်အမှန်မှာ ၅-၆-၁၉၉၃ ဖြစ်ပါသည်။
**မမြတ်သက်မွန်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၂၄၃၃၀၊ Honda Wave NS 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထွန်း ၆/ထဝန(နိုင်)၀၆၉၈၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၅၉၀၉ Honda Dream ND 125m, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဆက် ၆/လလန(နိုင်)၀၉၁၅၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၉ယ/၁၂၆၁၂၊ Honda Wave NF 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇူလိုင်ဝင်း ၆/လလန(နိုင်)၁၀၂၉၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၂၁၁၆၁၊ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဦးပေါငွေ ၉/ဝတန(နိုင်)၀၅၇၃၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၂၈ယ/၄၄၀၀၇၊ Yinxiang -110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၉/မထလ(နိုင်)၂၃၆၂၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

**မိဘအမည်မှန်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက (မုရစ်ကလေး) တက္ကသိုလ်ဝင်တန်း(ဃ)မှ မထက်ထက်ဝတီ၏ ဖခင်-မိခင် အမည်မှန်မှာ ဦးဝင်းမြင့်၊ဒေါ်ညိုညိုအေး ဖြစ်ပါကြောင်း။

**အမည်မှန်**

ဦးစိုးပိုင်၏သား ကျိုက်မရောမြို့နယ်၊ ပိန်းနဲကုန်း အထက တက္ကသိုလ်ဝင်တန်းမှ မောင်ပိုင်ပိုင်၏ အမည်မှန်မှာ မောင်ပြည့်ဖြိုးပိုင် ဖြစ်ပါကြောင်း။
**မောင်ပြည့်ဖြိုးပိုင်**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊VEC ပညာ့ရိပ်သာကိုယ်ပိုင်အထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ မောင်ကျော်ဇင်၏ဖခင်အမည်မှန်မှာ ဦးတိန်းရော် ၁၃/တယန(နိုင်)၀၃၅၄၃၇ ဖြစ်ပါကြောင်း။ **ဦးတိန်းရော်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဖြိုးဇင်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဝင်းထွန်း ၅/ရဥန(နိုင်)၀၅၄၉၃၉ ဖြစ်ပါကြောင်း။ **ဦးဗိုလ်ဝင်းထွန်း**

# ငွေရတုနီးကပ်လာပြီဖြစ်သည့် ဗဟိုစံပြငါးဈေးကြီး

**အဝယ်တော်ဖိုးတော်**

ဗဟိုစံပြ ငါးဈေးကြီးကို ၁၉၉၁ ခုနှစ်မှ စတင်ဖွင့်လှစ်ရောင်းဝယ်လာခဲ့ကြသည်။ နှစ်ပေါင်း ၂၃ နှစ်ကျော်၍ ၂၄ နှစ် အတွင်း ချင်းနင်းဝင်ရောက်ခဲ့ပြီးပြီ။ ရှေ့နှစ်အတွင်း ဈေးမွေးနေ့ "ငွေရတုသဘင် ကျင်းပ၍ ရပြီ" ဟု ဈေးသာယာရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ငါးကန်များမှ သယ်ဆောင်လာသည့် စက်လှေများက ဆိပ်ခံဘောတံတားများတွင် ပါလာသော ငါးများကို ဈေးရုံများအတွင်းသို့ အပြိုင်အဆိုင် ပို့ဆောင်နေကြသည်။ ဈေးရုံကြီးများကို ဆိပ်ကမ်းနှင့်အနီးဆုံး တည်ဆောက်ထားသည့်အတွက် အချိန်တိုအတွင်း ကုန်စည်များကို သယ်ယူနိုင်ခြင်းဖြစ်သည်ကို တွေ့ရသည်။

ဈေးသာယာရေး ကော်မတီအတွင်းရေးမှူး ဦးသိဟက "ဆိပ်ခံဘောတံတားအရှည်အားလုံးပေ၂၀၀၀ နီးပါးရှိတယ်။ စက်လှေအစင်း ၅၀ လောက် တစ်ပြိုင်တည်း ကုန်ချလို့ရတယ်။ အဲဒီအတွက် ရောင်းချိန်အတွင်းမှာ ငါးတွေက ဈေးရုံကြီးထဲ အကုန်ရောက်တယ်"ဟု ဆိုသည်။

ထို့အပြင် ကုန်းလမ်းမှ ဝင်ရန် ပေ ၃၀ အကျယ်ရှိ လမ်းလေးလမ်း၊ ပေ ၁၀၀ အကျယ် လမ်းနှစ်လမ်းရှိသည့်အတွက် တွံတေး၊ ကွမ်းခြံကုန်းမှ ငါးများနှင့် ရေခဲတင် ကားကြီးများ အဝင်အထွက် အခက်အခဲရှိကြောင်းလည်း သိရသည်။

ဈေးသာယာရေး ကော်မတီဝင် ဦးစောလှမြင့်က "အခု ဆောက်ပြီးသွားတဲ့ ငါးဈေးသစ်ကြီး စည်ကားရေးအတွက်ကိုလည်း သူတို့တာဝန်ရှိတဲ့သူတွေက ကြိုးစားနေပါတယ်။ အဲဒီ ငါးဈေးသစ်ကြီး စတင်တည်ဆောက်စဉ်က တည်ဆောက်တဲ့အခါ ငါးဈေး-၁၊ ငါးဈေး-၂ ဆိုပြီး ဖြစ်လာမှာပါ။ ဟိုမှာနီးတဲ့ သူတွေက ဟိုမှာရောင်းကြဝယ်ကြ၊ ဒီမှာ နီးတဲ့ သူတွေက ဒီမှာပဲ ရောင်းကြဝယ်ကြလို့ ဆိုထားတဲ့အတွက် အခုလို အရောင်းအဝယ်စည်နေတာပါ"ဟုပြောသည်။

နံနက် ၆ နာရီ အလင်းရောင်အားကောင်းလာသည်နှင့်ဈေးရုံကြီးများအတွင်း အရောင်းအဝယ် တဖြည်းဖြည်းပါးလာသည်ကို တွေ့ရသည်။ နောက်ဆိပ်ကမ်းတစ်ခုသို့ အရောက်တွင် စက်လှေတစ်စင်းအပေါ်မှ ငါးများကို ကားကြီးတစ်စီးပေါ်သို့ ထောင်းထမ်းလုပ်သားများက သယ်ပို့နေကြသည်။ နယ်အတွက် အမှာအကြားအရ တင်ပို့ရန်စီစဉ်နေခြင်းဖြစ်သည်ဟုဆိုသည်။ ကော်မတီဝင် ဦးသိန်းမြင့်ကပင် "နယ်တွေအတွက်ပါ ဒီဈေးကြီးက ဝယ်လက်တွေအားကိုးနေရတာပဲ"ဟု ဆိုသည်။



ဗဟိုစံပြ ငါးဈေးသို့ အနယ်နယ်အရပ်ရပ်မှ ငါးသင်္ဘောများ လာရောက်ရောင်းဝယ်နေကြစဉ်။ ကိုကြီးတင်

ဆိပ်ကမ်းတွင် ငါးကုန်များ ချနေသော နယ်ပို့ကုန်သည် တစ်ဦးနှင့် စကားပြောကြည့်ရာ "ဒီဆိပ်က ဝင်လမ်း ထွက်လမ်းသာတယ်။ အချိန်မရွေး မော်တော်ဆိုက်လို့ရတယ်။ ငါးဆိုတာ အချိန်နဲ့ အလုပ်လုပ်ရတာ ဈေးကွက်ကလည်းရှိပြီးသားဆိုတော့ လက်ရှိ အနေအထားမှာ ဒီဈေးက အဆင်ပြေဆုံးပဲ"ဟုဆိုလာသည်။

ဈေးပတ်လမ်းအတွင်း တစ်နေရာတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုနှင့် တိုးခဲ့ရသည်။ ဈေးများဌာန အနောက်ပိုင်းခရိုင်ရုံးမှ ခရိုင်အရာရှိ ဦးစန်းမောင် ဦးဆောင်သော ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ငါးဒိုင်ကိုယ်စားလှယ်များ၊ သန့်ရှင်းရေး၊ လုံခြုံရေး (ဝန်ဆောင်)အဖွဲ့များနှင့် ဈေးသူ ဈေးသား ၅၀ နီးပါးခန့်က ရေနုတ်မြောင်းများအတွင်းမှ အမှိုက်များနှင့် နုန်းများကို ဖယ်ထုတ်၍ ရေပိုက်များဖြင့် ဆေးချနေကြသည်။

ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြမောင်က "ဒီဈေးကြီးမှာ ဝမ်းစာရှာကြတဲ့သူ၊ ရောင်းကြဝယ်ကြတဲ့သူအားလုံး စိတ်ချမ်းသာစေဖို့က ကျွန်တော်တို့ ဈေးသာယာရေးကော်မတီရဲ့ အဓိကတာဝန်ကြီးပါပဲ။ ကိစ္စအားလုံးကို ဈေးသူ ဈေးသားများရဲ့ ဆန္ဒနဲ့အညီ ဆောင်ရွက်သွားမှာပါ။ အားလုံးရဲ့ သဘောက ဒီဈေးကြီး အရှည်တည်တံ့ စည်ကားသွားအောင် ဆောင်ရွက်သွားမယ်ဆိုတဲ့ ဆန္ဒပါပဲ"ဟု ဆိုသည်။

# တရုတ်ဘာသာသီချင်းဆိုပြိုင်၍ယူနန်တက္ကသိုလ်တက်ရောက်ခွင့်ရရှိနိုင်

**ရန်ကုန် စက်တင်ဘာ ၆**

တရုတ်ဘာသာဖြင့် သီဆိုရမည့် သီချင်းဆိုပြိုင်ပွဲတွင် ဆုရရှိပါက တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်၌ အခမဲ့ပညာသင်ယူခွင့်ရရှိမည်ဖြစ်ခြင်းကြောင့် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

"ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်တို့မှာ ပြိုင်ပွဲတွေ ကျင်းပပေးသွားမှာဖြစ်ပါတယ်။ ဝါသနာပါတဲ့သူတွေလာရောက်ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။ လူရွေးချယ်ပွဲတွေကို ကျင်းပပြီးတဲ့အခါ နောက်ဆုံးအဆင့် ရွေးချယ်ခံရသူတွေကို တရုတ်နိုင်ငံမှာ ကျင်းပမယ့် သီချင်းဆိုပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ အနိုင်ရရှိခဲ့မယ်ဆိုရင် ယူနန်တက္ကသိုလ်မှာ ကျောင်းတက်ရောက်ခွင့်ကို မင်္ဂလာမဂ္ဂဇင်းတိုက်ကနေ ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်"ဟု မင်္ဂလာမဂ္ဂဇင်းတိုက်မှ ဒုတိယဥက္ကဋ္ဌ ဝိုကျင်ကောက ပြောကြားသည်။

ကျင်းပမည့် နေရာနှင့် အချိန်၊ လျှောက်လွှာတင်သွင်းရမည့် နေ့ရက်များကို မင်္ဂလာမဂ္ဂဇင်းတွင် တစ်လခန့်ကြိုတင်အသိပေးကာ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် လူရွေးချယ်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ဆန်ခါတင် ၄၀ ခန့် ရွေးချယ်ရန် ရည်ရွယ်ထားသည်။ မင်္ဂလာမဂ္ဂဇင်းမှာ မြန်မာ-တရုတ်နှစ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိပြီး ၁၉၉၂ ခုနှစ်မှ ယနေ့အထိ အမှတ်စဉ် ၂၄၇ အထိ ရောက်ရှိနေပြီဖြစ်ကာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေး၊ လူမှုရေး ကူးသန်းဆက်သွယ်မှုများကို အဓိကထား ဖော်ပြလျက်ရှိသည်။

ရန်ကုန်မြို့၌ ရုံးခွဲဖွင့်လှစ်ထားသည့်အပြင် တရုတ်နိုင်ငံအတွင်းသို့ လေ့လာရေးခရီးစဉ်များ၊ မီဒီယာခရီးစဉ်များကိုလည်း တာဝန်ယူလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ရတနာ**




## ကြေညာချက်

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အောင်ဘာလေထီဖွင့်ပွဲများကို ရိုးရာနည်းဖြစ်သော ဂေါ်လီလုံးများ၊ စည်များဖြင့် ဖွင့်လှစ်ပေးလျက်ရှိရာမှ အဆိုပါစနစ်အစား လေမှုတ်စက်ဖြင့် နံပါတ်ရွေးချယ်ခြင်း၊ ဆုမဲနံပါတ်များကြေညာမည့် LED Display Board အသစ်ဝယ်ယူခြင်းနှင့် LED Display Board တွင် ဆုမဲကြေညာနိုင်ရန် Soft ware အသစ်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ယင်းလုပ်ငန်းအစီအစဉ်အတွက် ပူးပေါင်းဆောင်ရွက်လိုသော စိတ်ပါဝင်စားသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၀၀၄၊ ၀၁-၂၄၉၂၆၉ တို့သို့ ဆက်သွယ်ပါရန် အသိပေး ကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း**
**Duplex Board Paper(270 gsm)(31"×43") ၇၉၀၀၀ ရွက်**
**အဝယ်တင်ဒါ(မြန်မာကျပ်ငွေ)**

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်** - Duplex Board Paper(270 gsm) (31"×43")
၂။ **အရေအတွက်** - ၇၉၀၀၀ ရွက်
၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၅-၉-၂၀၁၄ ရက်၊ ညနေ ၄း၀၀ နာရီ
၄။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)

တင်ဒါပုံစံနှင့် တည်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**

**တယ်လီဖုန်းအမှတ်**
**၀၆၇-၄၀၈၀၇၆**
**၀၆၇-၄၀၈၃၅၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံးသစ် ပေ ၄၀×ပေ၃၀×၂၃ပေ RC နှစ်ထပ်တည်ဆောက်ရေးလုပ်ငန်းအတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာယူရက်**
၅-၉-၂၀၁၄ရက်မှ ၃၀-၉-၂၀၁၄ရက်အထိ

(ခ) **တင်ဒါတင်သွင်းရက်**
၁-၁၀-၂၀၁၄ရက် ၁၆း၀၀နာရီ

(ဂ) **တင်ဒါတင်သွင်းရန်နေရာ**
စစ်ကိုင်းတိုင်းဒေသကြီးပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မုံရွာမြို့

၂။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၇၁-၂၂၅၃၄နှင့် တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံး ဖုန်း-၀၇၁-၂၈၀၅၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ်(လားရှိုး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)မှ စက်ပစ္စည်းများအားဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

**စက်ပစ္စည်းအမျိုးအစားများ**- Pump 5HP ၁ ခု
Compressor(1.5HP) ၁ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(လားရှိုး)လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၀-၉-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံး ထား၍ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၉-၆၇၀၁၈၀၀၊ ၀၉-၅၂၆၂၆၃၃၊**
**ကွန်ပျူတာတက္ကသိုလ်(လားရှိုး)**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၉-၂၀၁၄ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၁-၉-၂၀၁၄ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက်**
**(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသုံးပြုရန်လိုအပ်သော Single Phase Transparent Box With Breaker နှင့် Three Phase Transparent Box With Breaker&Accessories များအား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၈-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၅၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၂၈၄၊ Fax၊ ၀၆၇-၄၃၁၁၈၅**

သတင်းဆောင်းပါးနှင့်ကြော်ငြာ

# ရန်ကုန်မြို့သစ်စီမံကိန်း အိပ်မက်မက်ကြသူများ

ခင်လေးမြင့်အောင်



ရန်ကုန်မြို့သစ်ဖော်ဆောင်မှုတွင် ပါဝင်ရန်လျာထားခြင်းခံရသည့် ရန်ကုန်မြို့တစ်ဖက်ကမ်းမြို့နယ်များမှ ခရီးသွားများကိုတွေ့ရစဉ်။

ဓာတ်ပုံ - မေဦးမိုး

သူ့ရဲ့ လေးနှစ်အရွယ်သားငယ်ကို နို့တိုက်ရင်း အရောင်လွင့် အဝတ်အစားတွေကို ခေါက်သိမ်းနေတဲ့ မနွယ်နီက “အိမ်ပြောင်းရတာ ပင်ပန်းပေမယ့် မထင်မှတ်ထားတဲ့ ပိုက်ဆံကြောင့် အမောပြေပါတယ်” လို့ ပြောပါတယ်။

ငွေကျပ် ဆယ်သိန်းလောက်သာ တန်ခဲ့တဲ့ သူတို့မိသားစု မြေနေရာလေးကို အဆတစ်ထောင်ဈေးနဲ့ ရောင်းချပြီးတဲ့ သူတို့အတွက်ကတော့ အိမ်ပြောင်းလို့ ပင်ပန်းတာမျိုးဖြစ်မှာ မဟုတ်တာ အသေအချာပါပဲ။

ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း အေးရွာပတ်ဝန်းကျင်မှာ ရန်ကုန်မြို့သစ်စီမံကိန်းတွေကြောင့် မြေတန်ဖိုးတွေ အဆမတန်ကြီးထွားလာမှုဟာ နေထိုင်သူ ဒေသခံတွေအတွက် အိပ်မက်ပမာဖြစ်နေရပါတယ်။

“ကျွန်တော်တို့အတွက်တော့ မယုံနိုင်စရာပါပဲ။ တချို့က ထပ်တက်လာနိုင်တယ်ဆိုပြီး ထုတ်မရောင်းကြဘူး။ ကျွန်တော့်အမြင်ပြောရရင်တော့ ဒီလိုအသံမျိုးတွေကြားခဲ့တာ ဆယ်စုနှစ်နှစ်စုလောက်ရှိပြီမို့ မထူးဆန်းတော့ပါဘူး။ ထူးဆန်းတာက မြေပုံတွေကိုင်ပြီး ငွေထုပ်နဲ့ သူဌေးတွေ အပြေးအလွှားလာဝယ်နေတာပါ။ ဒီတစ်ခါတော့ မြို့သစ်တကယ်ဆောက်မယ်ထင်တယ်”ဟု အေးရွာတွင် နှစ်ပေါင်းနှစ်ဆယ်ကျော် အခြေချနေထိုင်ပြီး ထမင်းဆိုင်ဖွင့်လှစ်ရောင်းချနေတဲ့ ကိုမိုးသီးက ပြောပြပါတယ်။

ရန်ကုန်မြို့အတွင်း ပါဝင်လျက်ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် တောမက မြို့မကျ ထိုဒေသများမှ ကျေးရွာများနှင့် လယ်မြေများသည် ရန်ကုန်မြို့သစ်စီမံကိန်းများကြောင့် ရန်ကုန်အပြင် မြန်မာနိုင်ငံအနှံ့အပြားမှ ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များ၏ ဈေးကစားရာ အချက်အချာနေရာတစ်ခုအဖြစ် နေ့ချင်းညချင်းရောက်ရှိခဲ့ပြီး အကျိုးဆောင်များ၏ ဈေးဆွယ်မှုကြောင့် ငွေဖြူအဖြစ်ဖန်တီးရာ နေရာအကွက်အကွင်းတစ်ခု ဖြစ်လာနေတာကို တွေ့ရပါတယ်။

ရန်ကုန်မြို့အနောက်ဘက် ပန်းလှိုင်မြစ်နှင့် တွံ့တေးတူးမြောင်းအကြား လှိုင်မြစ်နှင့် လှိုင်သာယာ-တွံ့တေးကားလမ်းအကြားရှိ ဆိပ်ကြီးခနောင်တို၊ ကြည့်မြင်တိုင်နှင့် တွံ့တေးမြို့နယ်အတွင်းရှိ မြေဧက သုံးသောင်းတွင် ရန်ကုန်မြို့သစ် စီမံကိန်းကြီးကို တင်ဒါခေါ်ယူကာ ဆောင်ရွက်သွားမယ်ဆိုတာကြောင့် ယခုလို မြေဈေးတွေ နှစ်ပတ်အတွင်းမှာ ဆိုးဆိုးရွားရွား မြင့်တက်နေရခြင်းဖြစ်ပါတယ်။

“တင်ဒါခေါ်တယ် ထားပါတော့။ တင်ဒါအောင်မြင်သူက မြေဈေးတွေကို သူတို့ တောင်းတဲ့ဈေးအတိုင်း ပေးပြီးဝယ်နိုင်ဖို့ဆိုတာ အခက်အခဲဖြစ်လာမှာပါ။ အဲဒီအခါ တိုက်ခန်းဈေးနှုန်းတွေ၊ အိမ်ရာဈေးနှုန်းတွေကရော အခြေခံလူတန်းစားတွေ တတ်နိုင်တဲ့ ဈေးနှုန်းတစ်ခုမှာ ကျန်ရှိနေပါ့မလား” လို့ အိမ်ခြံမြေအကျိုးဆောင် ဦးသန်းဦးက တွက်ချက်ပြောပြပါတယ်။ “မြို့သစ်ဖော်ဆောင်တာ ပေါက်ကွဲလုနီး ရန်ကုန်လူဦးရေ သိပ်သည်းဆနဲ့ နေထိုင်မှုအဆင်ပြေစေဖို့ ရည်ရွယ်တယ်ဆိုရင် လူတိုင်းစေ့ အိမ်ရာပိုင်ဆိုင်မှုအတွက် ယခုစနစ်က အဆင်ပြေပါ့မလား ဆင်ခြင်သင့်ပါတယ်”လို့ သူကဆက်ပြောပါတယ်။

အဆိုပါမြေနေရာများသို့ စီးပွားရေးသမားများနေ့စဉ် ရောက်ရှိလာနေတာဖြစ်ပြီး “တရုတ်လူမျိုးတွေနဲ့ အိန္ဒိယလူမျိုးတွေလည်း လာတယ်ဗျ။ သူတို့စကားပြန်တွေကနေ တစ်ဆင့် မြေတွေကို လိုက်ကြည့်နေကြတာ။ အရင်က ဒီဘက်ကမ်းကို ကူးမယ့်သူဆိုတာ လက်ချိုးရေလို့ရတယ်။ အခုတော့ ကျွန်တော်တို့ သမ္ဗန်သမားတွေအတွက် ဝင်ငွေဖြောင့်တာပေါ့”ဟု အငှားလှေလိုက်သူတစ်ဦးကလည်း ပြောပါတယ်။

ရွှေလင်ပန်းစက်မှုဇုန်မှ အထည်ချုပ်လုပ်ငန်းရှင်ဦးဆန်နီကမူ “ရန်ကုန်မြို့သစ်စီမံကိန်းဆိုတာ ရုတ်တရက်ကြီးခေတ်စားလာတော့ အလွန်အံ့သြမိတယ်။ ဒါမျိုးက အကျေအလည် ဆွေးနွေးညှိနှိုင်းအဖြေရှာပြီးမှ လုပ်ဆောင်ရမှာလို့ ထင်မြင်မိတယ်။ အဓိက ရည်ရွယ်ချက်ကို သဘောကျပေမယ့် အိမ်ခြံမြေနဲ့ပတ်သက်လာရင် လက်ရှိ အခွန်ဥပဒေမှာ အိမ်ခြံမြေဝယ်ယူတဲ့အခါ အခွန် ၃၀ ရာခိုင်နှုန်းပေးဆောင်တာနဲ့ ငွေဖြူအဖြစ် ရောက်ရှိလာနိုင်တာကြောင့်ငွေကြေးခဝါချမှုတွေကိုများ အားပေးရာရောက်နေမလား။ ဒါဆိုရင်တော့ မူလရည်ရွယ်ချက်အတိုင်း လူတိုင်းအိမ်ရာပိုင်ဆိုင်ရေးဆိုတာ ဖြစ်နိုင်ပါ့မလား စဉ်းစားစရာပဲ”လို့ သူ့အမြင်ကို ပြောပြပါတယ်။

စီးပွားရေးနှင့် ဥပဒေရေးရာအကြံပေး ဒေါက်တာမြင့်ဇော်ကတော့ “ရန်ကုန်မြို့ဟာ အမှန်တကယ်ချဲ့ထွင်သင့်တဲ့ မြို့တော်တစ်ခုဖြစ်ပါတယ်။ လူနေမှုသိပ်သည်းဆ သိပ်ကိုများပြားလာနေပြီး ပြည်သူ့ဝန်ထမ်းအများစုမှာ ကိုယ်ပိုင်အိမ်ရာပိုင်ဆိုင်တာ အလွန်နည်းလာပါတယ်။ အစိုးရက အိမ်ရာစီမံကိန်းတွေ၊ မြို့သစ်တွေဖော်ဆောင်ပေးတာဖြစ်သင့်တယ်။ သို့သော် မှန်ကန်တဲ့ လမ်းကြောင်းတွေဖြစ်ဖို့လိုအပ်တယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့အတွက်လား၊ စီးပွားရေးသမားတွေအတွက်လား ရှင်းရှင်းလင်းလင်း သိထားရမယ်။ ဒါမှလည်း ဝေဖန်မှုတွေကို တွန်းလှန်နိုင်မှာပါ။ လက်ရှိတော့ ကျေးရွာကလူတွေ ရောင်းသူရှိသလို၊ တက်ဈေးမျှော်သူတွေလည်းရှိတယ်။ ကောက်ရိုးမီးလို တောက်ပြီး ပြန်ငြိမ်းတာမျိုး မဖြစ်အောင် တိကျတဲ့လေ့လာဆန်းစစ်မှုတွေ၊ မူဝါဒတွေအရင်ချမှတ်ပြီးလုပ်ဆောင်သင့်တယ်” လို့ မှတ်ချက်ပေးပါတယ်။

“အိမ်ရာမြို့သစ်တစ်ခု ဖြစ်ပေါ်လာဖို့အတွက် အဆင့်တွေအများကြီး လိုအပ်ပါတယ်။ အခုက စတင်ရည်ရွယ်တာလို့ ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ဆိုတာထက် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ပြောဆိုထားတာရှိပါတယ်။ ပွင့်လင်းမြင်သာပြီး စနစ်တကျရှိတဲ့လုပ်ငန်းစဉ်တွေနဲ့ မြို့သစ်တွေဖော်ထုတ်ဖို့ စီစဉ်ရမှာဖြစ်ပါတယ်။ အကျိုးအပြစ်တွေကိုလည်း အချိန်ယူစဉ်းစားသင့်ပေမယ့် တစ်ဖက်က ကြည့်တဲ့အခါ ရန်ကုန်မြို့ရဲ့ လူနေထူထပ်မှုက တစ်နေ့တခြား မြင့်တက်နေတာပါ။ ဖြေရှင်းဖို့နည်းလမ်းဟာ စနစ်တကျဖြစ်ဖို့ကတော့ စုပေါင်းအဖြေရှာရမယ်”လို့ နိုင်ငံတော်သမ္မတရဲ့ စီးပွားရေးအကြံပေး ဒေါက်တာ အောင်ထွန်းသက်ကလည်း မှတ်ချက်ပြုပါတယ်။

နိုင်ငံတကာစံချိန်စံနှုန်းနဲ့ ကိုက်ညီတဲ့ လူနေထိုင်ရာဇရိယာ၊ စီးပွားရေးလုပ်ကိုင်ရာဇရိယာ၊ စက်မှုလက်မှုလုပ်ငန်းဇုန်၊ စိုက်ခင်းတွေအတွက် မြေနေရာစသဖြင့် စနစ်တကျဆောင်ရွက်နိုင်ဖို့ မြေယာဥပဒေတွေနဲ့ မြို့ပြဥပဒေတွေနဲ့အညီ ပွင့်လင်းမြင်သာစွာ ရေးဆွဲထားတဲ့ စီမံကိန်းမျိုးဖြစ်လာရင် အလွန်ကောင်းမွန်တဲ့ မြို့သစ်စီမံကိန်းပါလို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ ဗဟန်းမြို့နယ် မဲဆန္ဒနယ် ကိုယ်စားလှယ်ဒေါက်တာ ညိုညိုသင်းက ဆိုပါတယ်။

လက်ရှိမှာတော့ ကဏ္ဍအသီးသီးက ပညာရှင်တွေ ဝေဖန်ပြောဆိုမှုတွေကြားကပဲ စီမံကိန်းမြေနေရာတွေ အရောင်းအဝယ် ဆက်တိုက်ဖြစ်နေဆဲပါ။

ရန်ကုန်မြို့သစ် စီမံကိန်းအတွင်းမှာပါရှိတဲ့ လယ်မြေတွေငွေကျပ်သိန်း ၁၅၀ ဝန်းကျင်ကနေ အခုအချိန်မှာ ငွေကျပ် သိန်း ၁၃၀၀ ဝန်းကျင်အထိ ဈေးနှုန်းရရှိနေတာကြောင့် ဒေသခံတွေအဖို့မှာတော့ အိပ်မက်ပမာဖြစ်နေကြတာကို မြင်တွေ့ရပါတယ်။ ။

> အခွန်ဥပဒေမှာ အိမ်ခြံမြေဝယ်ယူတဲ့အခါ အခွန် ၃၀ ရာခိုင်နှုန်း ပေးဆောင်တာနဲ့ ငွေဖြူအဖြစ်ရောက်ရှိလာနိုင်တာကြောင့် ....


**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ်(လားရှိုး)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)မှ မီးတိုင်စိုက်ထူခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၀-၉-၂၀၁၄ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့ ဖုန်း-၀၈၂-၈၇၀၁၈၀၀၊ ၀၈၂-၅၂၆၂၆၃၃၊**
**ကွန်ပျူတာတက္ကသိုလ်(လားရှိုး)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**
**ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော စိတ်ဝေဒနာရှင်များအတွက် ကုသပေးရန်လိုအပ်သည့် FDAအသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၁-၉-၂၀၁၄ရက် နံနက် ၁၀နာရီ
**တင်ဒါပိတ်ရက်** - ၁၀-၁၀-၂၀၁၄ရက် ညနေ ၄နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်မှ ပရိဘောဂ(၄)မျိုးနှင့် လက်တွေ့လုပ်ငန်းသုံးပစ္စည်း(၁)မျိုးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန်ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၉-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ ငွေစာရင်းဌာနတွင်လာရောက်ဝယ်ယူနိုင်ပြီး ၁၉-၉-၂၀၁၄ ရက်၊ ၁၄း၀၀ နာရီနောက်ဆုံးထား၍ တင်ဒါများပြန်လည်ပေးသွင်းရန်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းသေးစိတ်အချက်အလက်ကို ရုံးချိန်အတွင်း ဖုန်း-၀၉-၂၅၀၀၇၃၉၉၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ကွမ်းခြံကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကွမ်းခြံကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် ခြံစည်းရိုးလုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းမည့်ကုမ္ပဏီများအား တင်ဒါကြော်ငြာ ခေါ်ယူအပ်ပါသည်။
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၅-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၅-၉-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ညနေ ၄ နာရီ
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ကွမ်းခြံကုန်းမြို့နယ်ဆေးရုံ၊ ကွမ်းခြံကုန်းမြို့၊ ဖုန်း-၀၁-၂၆၅၀၂၃**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၄ယ/၅၄၀၆၈ Kenbo 110ယာဉ်လက်ဝယ်ရှိသူ ဦးတင်မျိုးလင်း ၈/မကန(နိုင်)၁၃၁၇၃၅က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး (မကွေး)**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ်၇ခ/၃၈၉၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၀၉၈)၊ ဧရိယာ ၀ဒသမ၁၄၆ ဧက၊ ဦးသိန်းဇော် အမည်ပေါက် နှစ်၃၀ အငှားဂရန်မြေကွက်အား ရန်ကုန်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၄၉၄/၂၀၁၄ ဖြင့် ဦးသိန်းဦး၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်စုမျိုးကျော် ၁၂/ကတတ(နိုင်)၀၀၀၈၀၈ (ဘ) ဦးအုန်းကျော်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

### အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၂၁၄)**

**လားရှိုးခရိုင်တရားမရုံး၌**

**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁**

**ကွယ်လွန်သူ ဦးထွန်းစိုးဝင်း၌ ကျန်ရှိရစ်သောသက်ပြည့်ပင်စင်နှင့် ပင်စင်လစာ အကြောင်း။**

ဒေါ်နုနုဝေ **လျှောက်ထားသူ**

ရပ်ကွက်(၁၂)၊ နယ်မြေ(၈)၊ လားရှိုးမြို့။

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၈)၊ လားရှိုးမြို့နေ ဒေါ်နုနုဝေက ကွယ်လွန်သူ ဦးထွန်းစိုးဝင်း ဇနီးဖြစ်သည်ဟူ၍ ကွယ်လွန်သူ ဦးထွန်းစိုးဝင်း ၁၃/ကခန(နိုင်)၀၀၄၈၅၀ လျှပ်စစ်ကျွမ်းကျင်(၄)၊ အမှတ်စဉ်-၃၀၄၀၂၃၊ ၃၃/၁၁ ကေဗွီအမှတ်-၂ ဓာတ်အားခွဲရုံး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၏ သက်ပြည့်ပင်စင်နှင့်ပင်စင်လစာကို ထုတ်ယူနိုင်ရန် ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်၊ သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးထွန်းစိုးဝင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂ ရက်(၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်)နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်နုနုဝေ၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းထွန်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**လားရှိုးခရိုင်တရားရုံး**

### အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူ လူကြီးအဖြစ် ခန့်ထားရန်လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ ၁၁)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၄ ခုနှစ် တရားမအထွေထွေမှုအမှတ်-၉၂**

ဒေါ်ရော်စုးဟွမ် **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)၊ အကွက် (တ-၄/၄၀)နေ အရွယ်မရောက်သေးသောသူငယ်ဖြစ်သော မောင်ရဲဝင်းအောင်၏ကိုယ်နှင့်၎င်းပူးတွဲပိုင်ဆိုင်သောပစ္စည်းအကြောင်း။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)၊ အကွက် (တ-၄/၄၀)နေ ဒေါ်ရော်စုးဟွမ်က အပေါ်က အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသော သူငယ် မောင်ရဲဝင်းအောင်၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ကိုယ်နှင့် ပစ္စည်းကို အုပ်ထိန်းသူအဖြစ်ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်(၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၈ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုထားသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဆောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၄၆၃၂၅ Hi bird 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းခိုင် ၉/မနတ(နိုင်)၀၁၃၄၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ဦးကျော်ဇော(ဗိုလ်မှူး-ငြိမ်း) အမှတ် (၄၅၂)၊ ရန်ကုန်လမ်း၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေသူနှင့် ဦးဝင်းမောင်၊ ဦးမောင်မောင်ကျော်၊ ဒေါ်မာမာအေးတို့နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မိတ္ထီလာမြို့၊ စည်သူရပ်၊ သံလမ်းတောင်ဘက်နေ ဦးဥက္ကာ၊ ဒေါ်သင်းသင်းမော်တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေရန် ကြေညာအပ်ပါသည်။

မိတ္ထီလာမြို့၊ စည်သူရပ်၊ သံလမ်းတောင်ဘက်နေ ဒေါ်သင်းသင်းမော်သည် ဦးလှမောင်၊ ဒေါ်ခင်ခင်တို့၏အမွေစားအမွေခံသမီးတစ်ဦးဖြစ်ပါသည်။ ဦးဥက္ကာမှာ ဒေါ်သင်းသင်းမော်၏ တရားဝင် ခင်ပွန်းတစ်ဦးဖြစ်ပါသည်။ ဦးလှမောင်၊ ဒေါ်ခင်ခင်တို့တွင် အမွေစား၊ အမွေခံများအဖြစ် ဒေါ်စန်းစန်းမြင့်၊ ဦးဝင်းမောင်၊ ဦးမောင်မောင်ကျော်၊ ဒေါ်မာမာအေး၊ ဒေါ်သင်းသင်းမော်တို့ ကျန်ရှိပါသည်။ ဦးလှမောင်၊ ဒေါ်ခင်ခင်တို့ ကွယ်လွန်သည့်အခါ အမွေဆိုင်ပစ္စည်းများ ကျန်ရစ်ပြီး အချို့ပစ္စည်းများကို ဦးလှမောင်၊ ဒေါ်ခင်ခင်တို့၏ အမွေစား၊ အမွေခံသားသမီးများဖြစ်သော ဒေါ်စန်းစန်းမြင့်၊ ဦးဝင်းမောင်၊ ဦးမောင်မောင်ကျော်၊ ဒေါ်မာမာအေး၊ ဒေါ်သင်းသင်းမော်တို့ အညီအမျှခွဲဝေရယူကြပြီးဖြစ်ပါသည်။ ဒေါ်သင်းသင်းမော်သည် အစ်မကြီး ဒေါ်စန်းစန်းမြင့်နှင့် ဒေါ်မာမာအေးတို့ တောင်းဆိုချက်အရ အမွေပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ကာနေထိုင်ခဲ့ပါသည်။ အစ်မကြီး ဒေါ်စန်းစန်းမြင့်၏ ခင်ပွန်းဖြစ်သူ ဦးကျော်ဇော လက်ဝယ်အမွေဆိုင်ပစ္စည်းများ၏ပိုင်ဆိုင်မှု အထောက်အထားဂရန်မူရင်းအမှတ် (၃၀၅/၉၃-၉၄)နှင့် မိတ္ထီလာမြို့၊ စည်သူရပ်၊ အမှတ်(၄၁၁)နှင့် သက်ဆိုင်သောအထောက်အထား စာရွက်စာတမ်းများကို ထိန်းသိမ်းထားပါသည်။

အမွေဆိုင်ပစ္စည်းများနှင့်ပတ်သက်၍ ဒေါ်သင်းသင်းမော်သိရှိခြင်း၊ သဘောတူညီချက်ရယူခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊လှူဒါန်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာဖြင့် လွှဲပြောင်းခြင်းများမပြုရန်နှင့်ပြုလုပ်ပါက တရားမဝင်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်တင်မမ B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၁)**
**ပန်းတိမ်တန်းရပ်၊ မိတ္ထီလာမြို့**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်မြင့်**

**နိုင်ငံတော်တရားရုံးချုပ်၊ တရားသူကြီး(ငြိမ်း)**

**အသက်(၈၀)**

အန်ကယ်ဦးအောင်မြင့် နိုင်ငံတော်တရားရုံးချုပ်၊ တရားသူကြီး(ငြိမ်း) သည် ၄-၉-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးသန်းဝင်းရွှေ (တရားလွှတ်တော်ရှေ့နေ)နှင့်**
**ညီအစ်ကိုမောင်နှမများ**
**(ယခင်) မအူပင်ခရိုင်ဝန် ဦးဘရွှေ-ဒေါ်ခင်ညိမ်းမြင့် မိသားစု**
**အမှတ် -၁၆၉/၁၇၁၊ ဗိုလ်မြတ်ထွန်းလမ်း**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တံတားမြို့နယ်၊ ၃၃ လမ်း၊ အမှတ် ၁၉၄ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၁၃F3၊ မြေကွက်အမှတ် V Class 15၊ မြေပိုင်မြေအမျိုးအစား အမည်ပေါက် ဒေါ်သိန်းသိန်း မြေအား မန္တလေးတိုင်းတရားရုံး တရားမကြီးမှု(၂၇/၉၄)၏ ၂၆-၁၂-၁၉၉၆ရက် စီရင်ချက်တရားရုံးချုပ် မန္တလေးရုံးထိုင် တရားမ ပထမအယူခံမှုအမှတ် ၁၃/၁၉၉၇ ၏ ၂၇-၁-၁၉၉၈ရက် စီရင်ချက်နှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တရားမပထမအယူခံမှု ၁၁၂/၂၀၀၁ ၏ ၁၈-၁၀-၂၀၀၁ ရက် အမွေပုံပစ္စည်းခွဲဝေရထိုက်ခွင့်ရှိကြောင်း အပြီးသတ်ဒီကရီဖြင့် အမည်ပေါက်ပြောင်းလဲပေးခဲ့သော်လည်း အမည်ပေါက် ပြောင်းလဲပေးခဲ့သည့်တံဆိပ်တုံးပါ တရားရုံးအမိန့်မူရင်းတင်ပြနိုင်မှုမရှိဘဲ မိတ္တူမှန်ဖြင့် ဒေါ်သိန်းသိန်း ၉/မရတ(နိုင်) ၀၁၇၂၈၂ မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်း-၁/က (လေဆိပ်ဝန်းကျင်)၊ မြေကွက် ၁၁၅/က၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧက၊ နှစ် (၆၀) မြေငှားစာချုပ် အမည်ပေါက်မှာ ဦးကျော်ဝင်း ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အပြီးအပိုင် အရောင်းအဝယ်စာချုပ် (၄၉၆၁/၂၀၁၄) တင်ပြ၍ ဦးနိုင်လင်းထူး ၁၂/မဂဒ (နိုင်) ၁၃၈၁၂၁ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် ဇ၀န၊ မြေကွက်အမှတ် ၂၃၄၊ မြေကွက်တည်နေရာအမှတ် ၃၁၊ ၃၃၊ သီရိဟေမာလမ်း၊ ဇ၀နရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် (ဦးအောင်တင်ညွှန့်)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ဒေါက်တာစန်းစန်းရီ ၁၂/လမတ(နိုင်)၀၀၆၇၄၂က အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၉၀၆/၂၀၀၅နှင့် တရားမဇာရီမှုအမှတ် ၂၃၀/၂၀၁၁ အရ မရွှေ့ပြောင်းနိုင်သော ပစ္စည်းကို ရောင်းချကြောင်း လက်မှတ်စာ စာချုပ်အမှတ် ၀၁၅၊ ၃၁၊ ၁၂၊၁၃ တို့ကို တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများပြည်သူသိရှိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ဟော်ကုန်း-ကုန်းပေါ်၊ အကွက်အမှတ်(၃၀)၊ ဦးပိုင်အမှတ်(၆၆)၊ ဧရိယာ ၀ဒသမ၁၉၅ဧကရှိ ရှုခင်းသာလမ်းထောင့်ရှိ အိမ်ဝိုင်းမြေကွက်၏ပိုင်ရှင် ဒေါ်ကြည်ကြည် ၁၃/တကန(နိုင်)၀၈၈၆၇၅ ၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဒေါ်ချော ၁၃/ဆဆန(နိုင်)၀၂၉၂၆၅ အမှတ်(၁၀၅)၊ ရွှေရည်ဝင်းလမ်း၊ နယ်မြေ(၇)၊ စိန်ပန်းရပ်ကွက်၊ တောင်ကြီးမြို့မှအများပြည်သူတို့ သိရှိစေရန်ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်တွင်ပိုင်ရှင် ဒေါ်ကြည်ကြည်မှ ခြံစည်းရိုးကာရံခြင်း၊ နေအိမ်အဆောက်အအုံဆောက်လုပ်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနတို့မှ ခွင့်ပြုချက်များရယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ယင်းမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာစာ ထုတ်ပြန်သည့်ရက်မှစ၍ ရက်ပေါင်း၃၀အတွင်း ခိုင်လုံသောတရားဝင် အထောက်အထားများဖြင့် ကျွန်ုပ်ဒေါ်ချောထံ(သို့)ကံသာရပ်ကွက်အုပ်ချုပ်ရေးမှူးထံ တင်ပြကန့်ကွက်နိုင်ပါသည်။

ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်ခြင်းမရှိခဲ့ပါက ဒေါ်ကြည်ကြည်မှ ခြံစည်းရိုးကာရံခြင်း၊ နေအိမ်အဆောက်အအုံဆောက်လုပ်ခြင်းစသည့်လုပ်ငန်းရပ်များကို တရားဝင်ခွင့်ပြုမိန့်ရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ**
**(ဒေါ်ချော)**

### အမြန်လာရောက်ဖြေရှင်းပေးပါရန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၅လမ်း၊ ၈၀ နှင့် ၈၁ လမ်းကြား၊ အမှတ် ၁၅နေ ဦးအောင်ဝင်း(ခ)ဦးကျန်အောင်ဝင်း ၉/မနမ(နိုင်)၀၈၀၀၇၂(ဆန်စက်နှင့်ဆက်စပ်စက်ပစ္စည်းအမျိုးမျိုးဖြန့်ချိရေး)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

မြောင်းမြမြို့၊ ကွယ်လယ်ကွမ်းခြံရပ်နေ ဦးကျော်ဇင်ဝင်း ၁၄/မမန(နိုင်)၁၄၄၈၀၉ ဖုန်း ၀၉-၃၆၂၂၆၆၁ အား ဦးအောင်ဝင်း (ခ) ဦးကျန်အောင်ဝင်းက အဆောက်အအုံဆောက်လုပ်ရန်အတွက် လိုအပ်သော သံထည်ပစ္စည်းများဝယ်ယူနိုင်ရန် ရိုးမဘဏ် (ဆိုင်းတန်းဘဏ်ခွဲ၊ မန္တလေးမြို့)မှတစ်ဆင့် (လမ်းမတော်ဘဏ်ခွဲ၊ ရန်ကုန်မြို့)သို့ ငွေကျပ် ၉၈၀၀၀၀၀ိ/ကို ၅-၂-၂၀၁၄ ရက်က လွှဲအပ်ခဲ့ပါသည်။ ထိုလွှဲအပ်သောငွေကို နေ့ချင်းပင်ဦးကျော်ဇင်ဝင်းမှ ထုတ်ယူသွားခဲ့သော်လည်း ဆောက်လုပ်ရေးသံထည်ပစ္စည်းများ ယနေ့တိုင်ပေးပို့ခြင်းမရှိသည့်အပြင် ဖုန်းအဆက်အသွယ်ကိုပင်လျှင် တုံ့ပြန်ခြင်းမရှိပါသဖြင့် အဆိုပါကိစ္စကို ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်အမြန်လာရောက်ဖြေရှင်းပါရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်ဝင်း (ခ)**
**ဦးကျန်အောင်ဝင်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဟိန်းအောင် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၉၃၅၅)**
**အကွက်(၂၂၄)၊ ပိုက်ကျုံးရပ်၊**
**ဖို့ကုန်း ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၀၂၆၀၇၃၁၇**
**၀၉-၄၃၀၆၂၄၄၂**

**ဦးကျော်ထွန်းနိုင်**
**LL.B**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၁၄၅၈)**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအင်ဟွမ်**

**အသက်(၉၀)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ ဦးဝင်းဇော်-ဒေါ်မြင့်မြင့်အေး (နတ်မြင်းပျံ စက်အပိုပစ္စည်းနှင့်ကုန်မာဆိုင်)တို့၏ဖခင် ဦးအင်ဟွမ်သည် ၂-၉-၂၀၁၄ ရက် (အင်္ဂါနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးလှဦး-ဒေါ်သက်သက်ခိုင် မိသားစု**
**Good Brother's Co.,Ltd.**

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဒုတိယဗိုလ်မှူးကြီးခင်အောင် (ငြိမ်း)

**Commander Khin Aung (Cyril) BN-1039**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကမာကြည်ဥယျာဉ်အိမ်ရာ၊ အမှတ် S-14 နေ (ဦးမောင်မောင်ဂျမ်း-ဒေါ်ဘီဘီ)တို့၏သား၊ (ဦးဂျီဆင်း-ဒေါ်အေးအိုင်)တို့၏သားသမက်၊ ဒေါ်ဖွိုင်အိုလက်ခင်အောင်(ခ)ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ဒေါ်စန္ဒာခင်အောင်၊ ဒေါ်သီတာခင်အောင် (ကျောင်းအုပ်ကြီး၊ အထက-၅၊ ဒဂုံ အရှေ့)၊ ဦးအောင်ခင်-ဒေါ်သစ်သစ်ပိုင်၊ ဒေါ်မာလာခင်အောင်-ဦးနေလ၊ ဒေါ်ဥမ္မာခင်အောင်၊ ဦးဝင်းမြင့်အောင်-ဒေါ်ခင်အေးဝင်း၊ ဦးခင်အောင်ဝင်း-ဒေါ်အေးအေးလွင်တို့၏ဖခင်၊ ဒေါ်တင်မျိုးသက်-ဦးမြတ်မင်းဇင်၊ မခင်ချောစန္ဒီ၊ မောင်နေလင်းအောင်၊ မောင်အောင်မင်းသူ(Derrick)၊ မတင်ဇာဝင်းမြင့်အောင်၊ မအိန္ဒြာဝင်းမြင့်အောင်၊ မသဒ္ဒါဝင်းမြင့်အောင်တို့၏အဘိုး၊ မဆောင်းမြတ်အိန္ဒြေ၏ဘိုးဘိုးကြီး ဒုတိယဗိုလ်မှူးကြီး ခင်အောင်(ရေ-ငြိမ်း)သည် ၃-၉-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၄ရက်(အင်္ဂါနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

**(ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယကာကြီး)**

**ဦးမောင်ဝ (နတ်တလင်း)**

**အသက်(၈၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့ တာပွန်လမ်း အနောက်ပိုင်း အမှတ် ၁၄၇ နေ ဒေါ်လှလှ၏ချစ်လှစွာသော ခင်ပွန်း၊ ဦးတင့်လွင် (ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ခင်အေးမိုးသွင်တို့၏ဖခင်ကြီး၊ မနီနီထွန်း(နေကြယ်ဦးကုမ္ပဏီများအုပ်စု)၏အဘိုး ဦးမောင်ဝ သည် ၁-၉-၂၀၁၄ ရက် နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**နေကြယ်ဦးကုမ္ပဏီများအုပ်စု**
**ရန်ကုန်မြို့**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်မောင် (B.E.Textile) 1970, D.M.A**

**ဒုတိယစက်ရုံမှူး(ငြိမ်း) (ချည်မျှင်နှင့်အထည်အချောကိုင်စက်ရုံပလိပ်)**

**အသက်(၆၈)နှစ်**

ဦးမောင်မောင်သည် ၃၁-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချည်မျှင်နှင့်အထည်အင်ဂျင်နီယာများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးအေးမြင့်**

**ပါမောက္ခ/ဌာနမှူး(ငြိမ်း)**

**ဘူမိဗေဒ/တောင်ငူတက္ကသိုလ်**

**အသက်(၆၁)နှစ်**

တောင်ငူမြို့၊ (၁၆)ရပ်ကွက်၊ အမှတ် (၂၈၄)နေ ဦးတင်မောင်ဝင်း၏ဇနီး ဒေါ်အေးအေးမြင့်သည် ၃၁-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၃း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘူမိဗေဒမိသားစု (တောင်ငူတက္ကသိုလ်)**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ကိုကျော်မင်းဦး**

**Service Manager**

**မြပန်ဝါကုမ္ပဏီလီမိတက်**

**အသက်(၄၇)နှစ်**

ဒေါ်မေသန္တာအောင်၏ခင်ပွန်း သားမောင်အောင်ကောင်းမြတ်၊ သမီး မဖူးပွင့်ကဗျာဦး၏ဖခင် ကိုကျော်မင်းဦးသည် ၂-၉-၂၀၁၄ ရက် ည ၈း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ဇော်-ဒေါ်နန်းကေသီလွင်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၄၀၊ မြေကွက်အမှတ် ၄၀၉/က၊ (အလျားပေ ၂၀ × အနံပေ ၆၀)မြေကွက်ရရှိသူ အမည်ပေါက် ဦးလွင်ဦးထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးရှိန်လင်းလွင် (ဘ)ဦးတင့်လွင် ၁၂/သကတ(နိုင်)၁၃၃၇၄၆က ပိုင်ဆိုင်သူက မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါကကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၂)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

# မြန်မာ့ဘောလုံးထပ်ဆင့်အောင်ပွဲ ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားတွင် ဗိုလ်စွဲ



ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလား ဗိုလ်စွဲသွားသော မြန်မာလက်ရွေးစင်ဘောလုံးသမားများ အောင်ပွဲခံနေစဉ်။

**မနီလာ စက်တင်ဘာ ၆**

ဖိလစ်ပိုင်ငြိမ်းချမ်းရေး ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့်ဖိလစ်ပိုင်အသင်းတို့သည် ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီက ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုရရှိသွားသည်။

(ဗိုလ်လုပွဲ)

**မြန်မာ - သုံးဂိုး**
**ဖိလစ်ပိုင် - နှစ်ဂိုး**

၂၀၀၆ မာဒေးကားဖလား ပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက်ပိုင်း အောင်မြင်မှုနှင့် ဝေးကွာနေမှုကို မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် အဆုံးသတ်နိုင်ခဲ့ပြီး ဖိလစ်ပိုင်ငြိမ်းချမ်းရေးဖလားကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အိမ်ရှင်အသင်းနှင့်ကစားရသောကြောင့် ခက်ခဲစွာကစားခဲ့ရပြီး အချိန်ပိုတွင် သွင်းယူသော အနိုင်ဂိုးဖြင့် အောင်ပွဲရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် ပါလက်စတိုင်းအသင်းကို အနိုင်ရရှိခဲ့သော လူစာရင်းဖြစ်သည့် သီဟစည်သူ (ဂိုး) ၊ နေမျိုးအောင်၊ ဇော်မင်းထွန်း၊ ဝင်းမင်းထွန်း၊ ခင်မောင်လွင်၊ ရန်အောင်ကျော်၊ တင်ဝင်းအောင်၊ ဒေးဗစ်ဒန်း၊ နန္ဒလင်းကျော်ချစ်၊ *စာမျက်နှာ ၁၃ ကော်လံ ၁* ❍

# မိုးအဆက်မပြတ်ရွာသွန်းရာမှ တောင်ကျရေများ တစ်ရှိန်ထိုးဆင်း တာချီလိတ်တစ်မြို့လုံး နေရာလွတ်မရှိအောင် ရေလွှမ်း



**တာချီလိတ် စက်တင်ဘာ ၆**

မိုးအဆက်မပြတ် ရွာသွန်းပြီး တောင်ကျရေများ ဒလဟောကျစီးဆင်းမှုကြောင့် တာချီလိတ်မြို့သမိုင်းတွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၆ ရက် နံနက်ပိုင်းမှ စတင်ကာ မိုးအဆက်မပြတ် ရွာသွန်းခဲ့ရာမှ နံနက် ၈ နာရီကျော်ခန့်တွင် မယ်ဆိုင်ချောင်းနှင့် နမ့်ယွန်းချောင်းများမှ တောင်ကျရေများ ဒလဟောကျဆင်းလာမှုကြောင့် တာချီလိတ်မြို့ပေါ် ရပ်ကွက်များနှင့် ဆင်ခြေဖုံးဒေသများအားလုံး ဆိုးရွားစွာ *စာမျက်နှာ ၇ ကော်လံ ၁* ■

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၆**

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် စက်တင်ဘာ ၅ ရက် ညနေ ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၇ စင်တီမီတာ (၃ လက်မခန့်) ကျော်လွန်နေပါသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် စက်တင်ဘာ ၆ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ စင်တီမီတာ (၀ ဒသမ ၄ လက်မခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**




mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း

